ရေကြေးမှုံ
The Mirror

၁၃၇၂ခုနှစ်၊ ကဆုန်လဆန်း ၁၀ ရက်၊ ကြာသပတေးနေ့၊ (22-4-2010)(၆၃၇၆)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

လူ့စွမ်းအား အရင်းအမြစ်များပေါ်ထွန်းရာ နည်းပညာတက္ကသိုလ် (လားရှိုး)

ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရာတွင် လိုအပ်သော လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့တွင် တည်ဆောက်ပေးထားသော နည်းပညာတက္ကသိုလ်(လားရှိုး)ကို တွေ့ရစဉ်။

သတင်းမှတ်စုနှင့် ဓာတ်ပုံ - ရာမညသွေးမွန် — အဆင်အပြင် - ဖြိုးစန္ဒာမြင့်

နိုင်ငံတော်အစိုးရသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး ဖြစ်ပေါ်လာရေးအတွက် မရှိမဖြစ်လိုအပ်သော လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေမည့် အခြေခံအဆောက်အအုံများကို အလေးထား ဆောင်ရွက်ပေးလျက်ရှိသည်။

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေး လိုအပ်ချက်ကို ဖြည့်စွမ်းနိုင်ရေးအတွက် ဖွံ့ဖြိုးရေးဒေသကြီး(၂၄)ခုတွင် ပညာရေးဆိုင်ရာ အခြေခံအဆောက်အအုံများဖြစ်သည့် နည်းပညာတက္ကသိုလ်များ၊ ကွန်ပျူတာတက္ကသိုလ်များကို အကောင်အထည်ဖော် ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနက နည်းပညာတက္ကသိုလ်(လားရှိုး)ကို ၁-၇-၂၀၀၇ ရက်နေ့က ခမ်းနားစွာ ဖွင့်လှစ်ပေးနိုင်ခဲ့သည်။ တက္ကသိုလ်ကြီးကို ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ **စာမျက်နှာ ၃ ကော်လံ ၁ သို့** *

အင်တာနက်အာကာသသိပ္ပံသတင်း

ဂျပန်နိုင်ငံ၏ ဂြိုဟ်သိမ်လေ့လာရေး အာကာသယာဉ် ဩစတြေးလျတွင် မကြာခင် ပြန်လည်ဆင်းသက်မည်

ဘာသာပြန် - မောင်ငြိမ်း

ဆစ်ဒနီ ဧပြီ ၂၁

အာကာသအတွင်းရှိ ဂြိုဟ်သိမ်တစ်ခုသို့ သွားရောက်လေ့လာသော ဂျပန်အာကာသယာဉ်သည် မကြာမီ ကမ္ဘာမြေပြင်သို့ ပြန်လည်ဆင်းသက်လိမ့်မည်ဟု ယုံကြည်ရကြောင်း ဗုဒ္ဓဟူးနေ့ သတင်းများတွင် ဖော်ပြထားသည်။

လူလိုက်ပါခြင်း မရှိသော 'ဟာယာဘူဆာ'ဟု အမည်ပေးထားသည့် ဂျပန်အာကာသယာဉ်သည် ဩစတြေးလျနိုင်ငံ ကုန်းတွင်းပိုင်းဒေသသို့ ပြန်လည်ဆင်းသက်မည်ဖြစ်သည်။ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ❍

အပြောကျယ်သည့် ယောနယ်အား ဖွံ့ဖြိုးစေမည့် မြစ်သာရေလှောင်တမံ

သတင်းဆောင်းပါးနှင့် ဓာတ်ပုံ
ကလေး - ဝင်းသူ

"ဆရာကြီး ကျွန်တော်တို့ ကဇွန်းထောင့်ရွာကို လိုက်ခဲ့ပါဦး"

မြစ်သာရေလှောင်တမံရှိ ရေလွှဲမြောင်းတံတားကို တွေ့ရစဉ်။

"မင်းတို့ရွာမှာ ဘာရှိလို့တုံး"

"မောချောင်းတံတားရှိပါတယ်"

"ဒါပြီးရင်ကော"

"မြစ်သာ တာတမံလည်း ရှိပါတယ်"

"ဒါဆို မြစ်သာ တာတမံကို ပို့ပေးနိုင်မလား"

"ပို့ပေးနိုင်ပါတယ်"

ထီးလင်းမြို့နယ် ကဇွန်းထောင့်ရွာသား တူးလေးက စာရေးသူ အနားကပ်လာပြီး သူ့ရွာကို ဖိတ်ခေါ်နေခြင်းဖြစ်သည်။

သူ့ကျောင်းနာမည်က ဝင်းမင်းအောင်ဖြစ်သည်။ တစ်ရွာလုံးက တူးလေးဟုသာ ခေါ်ကြောင်း ပြောပြကြသည်။ သူ၏ ဖိတ်ခေါ်မှုကြောင့် ကျွန်တော်သည် ကဇွန်းထောင့်က သဲသယ် ဒေဝူးကားနီ မြင့်မြင့်ကြီးဖြင့် ကဇွန်းထောင့်ရွာသို့ ညနေ ၃ နာရီတွင် လိုက်ခဲ့သည်။

ကဇွန်းထောင့်ရွာကလေးသည် ရန်ကုန်မြို့တွင် ကျွန်တော်တည်းခိုနေကျ ယောအသင်း ဥက္ကဋ္ဌ ဦးအေးမောင်(ကန်သာရွာ)၏ဇနီး ဒေါ်ထွေးရင် မွေးဖွားနေထိုင်ခဲ့ရာ ရွာကလေးဖြစ်သည်။ လွန်ခဲ့သော ခုနစ်နှစ်ခန့်က မောလယ်-ကြာပတ်ရွာသို့ ရောက်စဉ် ကြာပတ်ရွာသား တစ်ဦးက လက်ညှိုးထိုးပြသဖြင့် **စာမျက်နှာ ၃ကော်လံ ၁ သို့** ❑

နိုင်ငံတကာသတင်းအညွှန်း

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များ ကျူးကျော်ဝင်ရောက်စွက်ဖက်မှုကြောင့် အီရတ်နှင့် အာဖဂန် ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု အခြေအနေကို စာမျက်နှာ(၄)တွင် ဖတ်ရှုနိုင်ပါသည်။

ကြေးမုံ The Mirror
၂၂-၄-၂၀၁၀
(ကြာသပတေးနေ့)

မြို့ရွာ ရပ်ကျေး သာယာရေး မီးဘေးအန္တရာယ် သတိပြုကာကွယ်

သဘာဝဘေးအန္တရာယ်များတွင် မီးဘေးအန္တရာယ်သည် တစ်ခုအပါအဝင်ဖြစ်သည်။ ပူပြင်းခြောက်သွေ့သော နွေရာသီတွင် မီးဘေးအန္တရာယ် ပိုမိုဖြစ်ပွားတတ်သဖြင့် လူအများ၏ အသက်အိုးအိမ်စည်းစိမ် ထိခိုက်ဆုံးရှုံးမှုမရှိစေရေး ပြည်သူတိုင်းက ဝိုင်းဝန်းကြိုတင်ကာကွယ်မှုများ ပြုလုပ်ကြရပေမည်။ သက်ဆိုင်ရာမြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအလိုက် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ကြရပေမည်။

မီးသတ်ဦးစီးဌာနအနေဖြင့် ပြည်သူများအားလုံး မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ သိရှိလိုက်နာနိုင်ရန် မပြတ်သတိပေးနှိုးဆော်လျက်ရှိသည်။ ဈေးများ၊ အထပ်မြင့်အဆောက်အအုံများ မီးဘေးအန္တရာယ် ကင်းရှင်းစေရေး စည်ပင်သာယာအဖွဲ့များနှင့် ညှိနှိုင်းလုပ်ဆောင်နေသည်။ ရေဒီယို၊ ရုပ်မြင်သံကြား၊ သတင်းစာ၊ ဂျာနယ်တို့မှ အသိပညာပေးခြင်း၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများတွင် ကြိုတင်ကာကွယ်ရေး လက်တွေ့လေ့ကျင့်ခြင်း၊ ပညာပေးဟောပြောခြင်းများ မပြတ်ကြိုးပမ်းနေသည်။

အချို့အဆင့်မြင့်ဈေးကြီးများ၏ အပေါ်ဆုံးအထပ်များတွင် ရေဂါလန်တစ်သောင်းကျော်ဆံ့သည့် ရေကန်များ တည်ဆောက်ရေဖြည့်ထားခြင်း၊ ဈေးရုံများအရောက် ရေပိုက်လိုင်းများသွယ်ထားခြင်း၊ ဈေးရုံအောက်ခြေနှင့် မြေအောက်ရေကန်ကြီးများ တည်ဆောက်ထားခြင်း၊ ဈေးရုံတိုင်းတွင် မီးဘေးကာကွယ်ရေး အမြဲတမ်းအဖွဲ့များ ဖွဲ့စည်းထားခြင်း၊ လှည့်လည်စစ်ဆေးခြင်းများ ပြုလုပ်လျက်ရှိသည်။

မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းသည် လူတိုင်းနှင့် သက်ဆိုင်သဖြင့် ဈေးသူဈေးသားများ၊ မြို့ပြ၊ ရပ်ကွက်နေပြည်သူများ အပိုင်းကလည်း သိရှိလိုက်နာ ပူးပေါင်းဆောင်ရွက်ကြရပေမည်။ အရေးပေါ်မီးဖြိမ်းသတ်ရေးအတွက် မီးသတ်ဆေးဘူး၊ မီးလှန့်အချက်ပေးကိရိယာ၊ မီးသတ်ရေစင်များ ထားရှိကြရပေမည်။ နေအိမ်၊ ဈေး၊ ကျောင်း အဆောက်အအုံတိုင်းတွင် မီးသတ်ဆေးဘူး၊ မီးချိတ်၊ မီးကပ်၊ ရေပုံး၊ သဲပုံးများ အသင့်ထားရှိကြရန် လိုအပ်မည်ဖြစ်သည်။

မီးလောင်မှုများတွင် ပေါ့ဆမီး၊ မီးဖိုမီး၊ လျှပ်စစ်မီး၊ မသမာသူရှိမီး၊ တောမီးနှင့် အလိုအလျောက်မီးတို့ကြောင့် ဖြစ်ပွားတတ်ကြောင်းသိရသည်။ အဆိုပါ မီးလောင်မှုများအနက် ဈေးနှင့်စက်ရုံ၊ အလုပ်ရုံမီးလောင်မှုများသည် လျှပ်စစ်ဝါယာရှော့ဖြစ်ခြင်း၊ လျှပ်စစ်ဓာတ်အားမြင့်တက်ခြင်း၊ ချွတ်ယွင်းပျက်စီးနေသော လျှပ်စစ်ပစ္စည်းများကို အသုံးပြုခြင်း၊ မီးအားထိန်းကိရိယာ ချွတ်ယွင်းခြင်းတို့ကြောင့် စတင်ဖြစ်ပွားပြီး ထိခိုက်ဆုံးရှုံးမှုလည်းများပြားလှပေသည်။

မီးသည် သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင် ရန်သူဖြစ်သည်။ ပြည်သူတိုင်းက **မြို့ရွာတစ်ခွင် သာစေချင်၊ မီးတွင်မပေါ့နှင့်** ဆောင်ပုဒ်နှင့် အညီ မီးဖိုမှ မီးကြွင်းမီးကျန်များ၊ ခြင်ဆေးခွေများကို စနစ်တကျ ငြိမ်းသတ်ပြီးမှ အိပ်ခြင်း၊ ရာသီဥတုပူပြင်းချိန်တွင် ပလတ်စတစ်ပုံးဖြင့် ဓာတ်ဆီဖြည့်ခြင်း၊ လဲလှယ်ခြင်းများကို ရှောင်ရှားခြင်းနှင့် မီးဘေးကာကွယ်ရေး သတိပေးနှိုးဆော်ချက်များကို လိုက်နာဆောင်ရွက်ကြခြင်းတို့ဖြင့် မြို့ပြ၊ ရပ်ကွက်နှင့် ကျေးလက်ဒေသများအားလုံး မီးဘေးအန္တရာယ်မှ ကင်းဝေးနိုင်ကြမည် ဖြစ်ပါသည်။ ။

ပေးအပ်လှူဒါန်း

ဗိုလ်မှူးချုပ်လွန်းမောင် ဝန်ကြီး (ငြိမ်း) ကွယ်လွန်ခြင်း(၉)နှစ်ပြည့် ရည်စူး၍ ရွှေတောင်ကြား (၁)လမ်း ဗဟန်းမြို့နယ်နေ ဒေါ်ရွှေသက်က ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရ နဝကမ္မဌေပဒေသာပင် အလှူငွေကျပ် ငါးသိန်း ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးဘဉာဏ်လက်ခံစဉ်။ (သံဃာ့ဆေးရုံ)

ပြည်သူ့ သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မင်္ဂလာကန်တော်အတွင်း ငါးမျိုးစုံလွှတ်

ဧပြီ ၁၇ ရက်က ဧရာဝတီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေ ဇီဝိတဒါန (အဘယဒါန) ဘေးမဲ့ငါးလွှတ်ပွဲတွင် ငါးမျိုးစုံအား မင်္ဂလာကန်တော်အတွင်းသို့ လွှတ်ပေးစဉ်။

(သတင်းစဉ်)

ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၌ စက်ရေတွင်းတူးဖော်မည့် မြေနေရာများ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၂၁

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် ယနေ့နံနက်ပိုင်းတွင် ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် အမှတ် (၁၃၃)ရပ်ကွက် ရတနာပုံ(၂)လမ်း၌ အချင်း ခြောက်လက်မရှိ စက်ရေတွင်းတူးဖော်ပြီးစီးမှု၊ သောက်သုံးရေထွက်ရှိမှုနှင့် ရေအရည်အသွေးအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မြို့တော်ဝန်သည် ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် အမှတ် (၁၅၆) ရပ်ကွက် ယသဝတီလမ်းနှင့် မြဝတီလမ်းသွယ်ထောင့်၌ အချင်း ခြောက်လက်မရှိ စက်ရေတွင်းတူးဖော်မည့် မြေနေရာကို လည်းကောင်း၊ အမှတ် (၁၂၅)ရပ်ကွက် မြစံပယ်လမ်းနှင့် မြသီတာလမ်းထောင့်၌ အချင်း ခြောက်လက်မရှိ စက်ရေတွင်းတူးဖော်မည့်မြေနေရာနှင့် မြနန္ဒာလမ်းအဆင့်မြင့်ရန် လမ်းအမာခံကျောက်များ ခင်းကျင်းထားရှိမှုတို့ကို လည်းကောင်းသွားရောက် ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် ပြည်သူများ သောက်သုံးရေရရှိရန် မူလက ဂျိုးဖြူရေနှင့် စက်ရေတွင်းခုနစ်တွင်းတို့မှ ဖြန့်ဝေပေးလျက်ရှိရာ ယခုအခါ သောက်သုံးရေဖူလုံရေးအတွက် စက်ရေတွင်းသစ် ခုနစ်တွင်းထပ်မံတူးဖော်ရန် လျာထားချက် သတ်မှတ်ထားရှိပြီး စက်ရေတွင်းသစ်တစ်တွင်း တူးဖော်ပြီးစီးကာ ကျန်စက်ရေတွင်းများကို ဆက်လက်တူးဖော်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၌ ဟောပြောပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၂၁

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံပုစွန်လုပ်ငန်းရှင်များ အသင်းတို့၏ ပူးပေါင်းစီစဉ်မှုနှင့် " Diamond City Hyper Mart " ၏ ကူညီပံ့ပိုးမှုဖြင့် ဧပြီ ၂၄ ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဍာဝါခန်းမ၌ ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်က "လူ့အဖွဲ့အစည်း ပြောင်းလဲမှု၊ အခွင့်အရေးများနှင့် စိန်ခေါ်မှုများ" ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်၍ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အထက(၂)ကမာရွတ် ကျောင်းသား၊ ကျောင်းသူဟောင်းများ မြတ်ဆရာပူဇော်ပွဲ ကျင်းပ

ရန်ကုန် ဧပြီ ၂၁

အထက(၂)ကမာရွတ်တွင် ၁၉၈၅ ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိ ပညာသင်ကြားခဲ့သော ကျောင်းသား၊ ကျောင်းသူဟောင်းများက အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများနှင့် လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသော အသက်(၄၅)နှစ်နှင့်အထက် ဆရာ၊ ဆရာမများအား ပထမအကြိမ် မြတ်ဆရာပူဇော်ပွဲကို မတ် ၂၈ရက်က အဆိုပါကျောင်း တေဇခန်းမ၌ကျင်းပရာ ကိုခွန်ပြည်အေးက ကန်တော့ချိုးတိုင်ပေးကာ အပူဇော်ခံဆရာ၊ ဆရာမ ၁၆၉ဦးတို့အား ကန်တော့လက်ဆောင်ပစ္စည်းများဖြင့် စုပေါင်းပူဇော်ကန်တော့ကြသည်။**(အပေါ်ပုံ)**

ဆက်လက်၍ အငြိမ်းစားကျောင်းအုပ်ဆရာကြီးများဖြစ်ကြသော ဦးတင်မောင်နှင့် ဒေါ်အမာကြည်တို့က ဆုံးမသြဝါဒစကားပြောကြားပြီး ကိုအောင်ငြိမ်းစိုးက ကျေးဇူးတင်စကားပြောကြားသည်။ ထို့နောက် ကိုအောင်ညီညီမော်က အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများအား ကူညီစောင့်ရှောက်မည့်အစီအစဉ်ကို ရှင်းလင်းပြီး ဒေါက်တာအေးအေးမာက ငွေစာရင်းရှင်းတမ်းကို တင်ပြခဲ့ကြောင်း သိရသည်။ (ကြေးမုံ)

ဒဂုံတက္ကသိုလ် အင်္ဂလိပ်စာဌာန ကျောင်းသား၊ ကျောင်းသူဟောင်းများ အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၂၁

၁၉၉၂ ခုနှစ်မှ ၂၀၀၄ ခုနှစ်အတွင်း ဒဂုံတက္ကသိုလ် အင်္ဂလိပ်စာဌာန၌ ပညာသင်ကြားခဲ့သော ကျောင်းသား၊ ကျောင်းသူများ၏ စတုတ္ထအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဧပြီ ၂၇ ရက် (ကဆုန်လပြည့်နေ့) နံနက် ၉ နာရီမှ ၁၁ နာရီအထိ ဗဟန်းမြို့နယ် အားကစားကွင်းဝင်းအတွင်းရှိ M3 Food Centre ၌ ကျင်းပမည်ဖြစ်သည်။

အာစရိယပူဇော်ပွဲသို့ အပူဇော်ခံဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့် လှူဖွယ်ပစ္စည်းများကို ရဲထွင့်တင် ဖုန်း-၀၉-၅၁၅၆၄၀၈၊ အေးအေးထွင့် ဖုန်း-၀၉-၅၁၁၅၅၀၈၊ လဲ့လဲ့ဝင်းသန်း၊ ခင်လတ်လတ်ထွန်း ဖုန်း-၅၂၄၄၈၂၊ ၅၀၀၅၃၃၊ ကြည်ကြည်သန့် ဖုန်း-၀၉-၅၁၈၁၅၂၀၊ ထားအိဝင်း ဖုန်း-၅၂၆၆၂၃၊ ခင်ကျော့ကေခိုင် ဖုန်း-၀၉-၅၁၁၉၉၁၇၊ အိပ္ပင်ဖြူ ဖုန်း-၇၃၀ - ၂၅၄၇၄၊ ခိုင်သူဆွေ ဖုန်း-၅၅၅၇၅၄နှင့် ခိုင်မျိုးဝင်း ဖုန်း-၅၃၇၅၂၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

ပြည်ထောင်စုဖွား သွေးချင်းများ တားဆီးကာကွယ် မီးရန်စွယ်

✻ လူ့စွမ်းအားမှ

ပြည်ထောင်စုလမ်းမကြီး၏ အရှေ့ခြမ်း၊ လားရှိးမြို့မှ သိန်းနီမြို့သို့အထွက် ခုနစ်မိုင် အကွာအဝေးရှိ ဟိုပိတ်ရွာအနီးတွင် မြေဧက ၅၅ ဒသမ ၃၆ ပေါ်တွင် တည်ဆောက်ထားခြင်းဖြစ်သည်။ ၁၄-၃-၂၀၀၀ ရက်နေ့က ပထမအကြိမ် မဟာ အင်ဂျင်နီယာဘွဲ့၊ ဆဋ္ဌမအကြိမ် အင်ဂျင်နီယာဘွဲ့နှင့် အင်ဂျင်နီယာနည်းပညာဘွဲ့ ဘွဲ့နှင်းသဘင် အခမ်းအနားကို ကျင်းပခဲ့ပြီးဖြစ်သည်။ ရည်မှန်းခဲ့သည့်အတိုင်း အင်ဂျင်နီယာနည်းပညာရှင် ထောင်ကျော်မွေးဖွားပေးခဲ့ပြီးကြောင်းလည်း သိရသည်။ နိုင်ငံတော်၏ မူလရည်မှန်းချက်များအတိုင်း တိုင်းရင်းသားတို့နေရပ်တွင်ပင် အဆင့်မြင့်နည်းပညာရပ်များ သင်ယူနိုင်ပြီဖြစ်သည်။ ဒေသနေတိုင်းရင်းသားများမှာ လည်း ယခုအခါ အဆင့်မြင့် နိုင်ငံ့တာဝန်များကိုပင် ထမ်းဆောင်နေသူများ လက်တွေ့ကျကျ ပေါ်ပေါက်လျက်ရှိသည်။

ဘွဲ့နှင်းသဘင်အခမ်းအနားတွင် ဘွဲ့ယူကြသည့် ၅၈ ဦးသော မောင်မယ်တို့သည် နိုင်ငံတော်အတွက် အင်ဂျင်နီယာပညာရှင်များဟူ၍ ကျေနပ်အားတက်ဖွယ်ဖြစ်သကဲ့သို့ တစ်ချိန်ကရပ်ဝေးတွင် ပညာရင်နှီသောက်စို့နိုင်ရေး ခက်ခဲပင်ပန်းစွာ အားထုတ်ရခြင်းမျိုး မရှိတော့ဘဲ မိမိတို့လက်တစ်ကမ်း မျက်စိအောက်မှာပင် ရှင်သန်လန်းစွင့်ဖူးပွင့်လာရာ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ နိုင်ငံအတွက် အားထားရာလူစွမ်းအား အရင်းအမြစ်များ ပေါ်ထွက်နေပြီဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

❑ ရှေ့ဖုံးမှ

ချောင်းတစ်ဖက်ကမ်းရှိ ကဇွန်းထောင့်ရွာကလေးကို လှမ်းမြင်ရုံသာ မြင်ခဲ့ရဖူးသည်။

ယခုတော့ တစ်ကြိမ်တစ်ခါမှ ရောက်ရှိဖူးခြင်းမရှိသော ကဇွန်းထောင့်ရွာကလေးကို ရောက်ရှိရတော့မည်ဖြစ်၍ ဝမ်းသာပီတိဖြစ်နေမိသည်။ ခရီးသွားဝါသနာပါသော ကျွန်တော်တို့အဖို့ ဒေသန္တရဗဟုသုတများစွာရရှိတော့မည်။ စာကောင်းကောင်း ရေးနိုင်တော့မည်ဖြစ်၍ ဝမ်းသာလုံးဆို့နေမိပါသည်။

"ဒေဝူး" သဲသယ်ကားနီနီမြင့်မြင့်ကြီးသည် ကံတော်တောရဖြတ်လမ်းမှ ဂန့်ဂေါ-ထီးလင်း-ကျောက်ထု-မင်းတပ်သွား ကားလမ်းပေါ်ကို ရောက်ရှိ၍ တရိပ်ရိပ်ပြေးလွှားလျက်ရှိပါသည်။

မကြာမီ ဒေဝူးကားမြင့်မြင့်ကြီးသည် နာရီဝက်ကြာ မောင်းနှင်ပြီးနောက် လမ်းချိုးတစ်ခုထဲသို့ ကွေ့ဝင်လိုက်သည်။ လမ်းချိုးထောင့်တွင် "မြစ်သာတာတမံသို့" ဟူသော လမ်းညွှန်မြေစိုက်ပိုစတာကြီး တစ်ခုနှင့် "ကဇွန်းထောင့်ရွာသို့" ဟူသော လမ်းညွှန်ဆိုင်းဘုတ်တစ်ခုကို တွေ့ရသည်။ ဩော် ကဇွန်းထောင့်ရွာကလေးသို့ မြစ်သာတာတမံသို့ ရောက်ရှိတော့မှာ ပါကလား။

လမ်းသည် ပို၍ပို၍ကြမ်းလာ၏။ ကားကြီးသည် တောင်ပေါ်တောင်ရိုး အတိုင်း အားကုန်ရုန်း၍ တက်နေလေသည်။ ၁၅ မိနစ်ခန့် အကြာမောင်းနှင်ပြီး နောက်တွင်ကား မောချောင်း၊ မောချောင်း တံတားကြီးနှင့် ကဇွန်းထောင့်ရွာကလေးကို လှမ်းမြင်နေရသည်။ မကြာမီ "ကဇွန်းထောင့်ကျေးရွာမှ လှိုက်လှဲစွာ ကြိုဆိုပါ၏" ဆိုသော ဆိုင်းဘုတ်ကလေးကို တွေ့ရသည်။ ထိုဆိုင်းဘုတ်၏ ညာဘက်ကို ကားကြီးကွေ့ဝင်သွားပြီး မောချောင်း တံတားပေါ်ဖြတ်ကာ ကဇွန်းထောင့်ရွာသို့ ရောက်ရှိသွားလေသည်။

ကားပေါ်မှ အမျိုးသမီးများ အလျှိုလျှိုဆင်းသွားကြလေရာ ကားပေါ်တွင် ကျွန်တော်တစ်ယောက်တည်းသာ ကျန်ခဲ့တော့၏။

နောက်နေ့ နံနက်အိပ်ရာထတွင် ကဇွန်းထောင့်ရွာအတွင်းက ကျေးရွာစာကြည့်တိုက်နှင့် ရပ်ကွက်ဥက္ကဋ္ဌ အိမ်သို့ တူးလေးနှင့်သွားခဲ့ကြသည်။ ရပ်ကွက်ဥက္ကဋ္ဌအိမ်၌ "ကြေးမုံသတင်းစာ" တွေ့ရသည်။ လစဉ်ယူသည့် "ဒို့ကျေးရွာ ဂျာနယ်"လည်း တွေ့ရသည်။ ကျွန်တော် "ကလေး-ဝင်းသူ"ရေးသော "အနောက်ဂန့်ဂေါက အိုးလုပ်ငန်း"ကို ဖတ်ရသည်ဟု ဥက္ကဋ္ဌက ဝမ်းသာအဲလဲ ရှင်းပြသည်။

ဥက္ကဋ္ဌအိမ်မှ စာကြည့်တိုက်၊ ထိုမှ စာကြည့်တိုက်မှူး မနိုင်နိုင်အေးအိမ် ထွက်ခဲ့သည်။ စာအုပ်များ ငှားရမ်းပေးနေရကြောင်း စာကြည့်တိုက်မှူး မနိုင်နိုင်အေးက ရှင်းပြသည်။ ကျေးရွာသူကျေးရွာသားများ စာဖတ်ဖို့ အမိက မဟုတ်ပါလား။ စာဖတ်မှ အသိတိုးမည်၊ ဗဟုသုတကြွယ်ဝမည်။ သို့မှ လူလောကအလယ်၌ တင့်တယ်စွာ နေထိုင်နိုင်ကြမည် မဟုတ်ပါလော။

ကျွန်တော်သည် ကဇွန်းထောင့်ရွာစာကြည့်တိုက်ကို ဓာတ်ပုံရိုက်ယူ၍ တူးလေးအိမ်သို့ ပြန်ဆုတ်ခဲ့ကြသည်။ အိမ်ရောက်တော့ နံနက် ၈ နာရီထိုးနေပြီ။ မြစ်သာတာတမံသို့ ဆက်ထွက်ခဲ့ကြ၏။ တူးလေးဆိုင်ကယ်နောက်က ကျွန်တော် တက်ထိုင်လိုက်ခဲ့သည်။

ဆိုင်ကယ်သည် ကဇွန်းထောင့်ရွာကလေးမှ အနောက်မြောက်ထောင့်ဆီသို့ တရိပ်ရိပ်ပြေးလွှားလျက်ရှိ၏။ မကြာမီ ပနန်းရွာအနီးက ဓမ္မာရုံကို ရောက်သည်။

ထိုမှ ဆက်၍ ထွက်လာကြရာ မကြာမီမြစ်သာတာတမံတာရိုး ပေါ်သို့ ရောက်ရှိလာသည်။ မြစ်သာတာတမံတာရိုးကြီးကား အရှည်ကြီးပေတည်း။ ဆိုင်ကယ်ဖြင့် တစ်နာရီကြာ ဖြတ်ကျော်ခဲ့ကြရာ မြစ်သာတာတမံတုပ်၍ တမံပိတ်မည့် "မြစ်သာချောင်းကျဉ်း" ကို တွေ့ရသည်။ ကျွန်တော်တို့ ကလေးနယ်တွင် အကျယ်ပေ ၂၀၀ ခန့်ရှိသော မြစ်သာမြစ်ပြင်ကျယ်သည် ယခုတာတမံပိတ်မည့် နေရာ၌ ချောင်းကျဉ်းကလေးဖြစ်နေပြီး ပေ ၄၀၊ ၅၀ ခန့်လောက်သာ ကျယ်တော့သည်။မြစ်သာရေကား ကြည်၍ စီမ်းလဲ့နေလေသည်။

ထိုတမံပိတ်မည့် မြစ်သာချောင်းရိုး တစ်လျှောက်လေ့လာပြီး တာတမံအောက်က ရေအားလျှပ်စစ်စက်ရုံတည်ဆောက်မည့် မြေနေရာကို ကြည့်ရှုကြသည်။ ဓာတ်ပုံရိုက်ကြသည်။ ပြီးနောက် ဝန်ထမ်းအိမ်ရာနှင့် ရှင်းလင်းဆောင်ရှိရာသို့ ပြန်လှည့်လာခဲ့သည်။

ထို့နောက် မြစ်သာတာတမံတာရိုး ရှည်ကြီးကိုသာ ဓာတ်ပုံအကြိမ်ကြိမ်ရိုက်ယူ၍ လှည့်ပြန်ခဲ့ရသည်။ မြစ်သာရေလှောင်တမံ စီမံကိန်းမှာ ခေတ္တ နားနေခိုက်ဖြစ်၍ ဝန်ထမ်းအချို့သာ အစောင့်တာဝန်ထမ်းဆောင်နေကြသည်။ အချို့မှာ ဂန့်ဂေါသို့ ခရီးထွက်နေကြ၏။

မြစ်သာတာတမံကား ကုန်းကြောတမံကြီးပြီးနေပြီ။ ရေထုတ်မြောင်းကြီးလည်း ပြီးနေပြီ။ ရေထုတ်မြောင်းတံတားလည်း ပြီးနေပြီ။ မြစ်သာမြစ်ကိုပိတ်၍ ရေအားလျှပ်စစ်စက်ရုံ တည်ဆောက်ဖို့သာလိုတော့သည်။ စီမံကိန်း၏ တစ်ဝက်ကျော်ကျော် ပြီးစီးနေပြီဖြစ်သည်။ ၂၀၁၁-၂၀၁၂ ခုနှစ်တွင် ပြီးစီးမည်ဖြစ်သည်။ မြစ်သာတာတမံမှ နှစ်စဉ်လျှပ်စစ်စွမ်းအား ကီလိုဝပ် ၁၇၀ နာရီသန်းပေါင်း ထုတ်ပေးမည်။ ဆည်ရေဧက ၁၂၀၀၀ကို ရေပေးနိုင်မည်။ ရေအားလျှပ်စစ်ရရှိရန် မဂ္ဂါဝပ် ၂၀ နှစ်လုံးတပ်ဆင်၍ ရေအားလျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၄၀ ထုတ်ယူမည်ဖြစ်သည်။

မြစ်သာတာတမံမှာ မြန်မာနိုင်ငံ၌ အရှည်လျားသော တာတမံဟုသိရသည်။ တာတမံအလျား ပေ ၂၉၇၅၀ ရှည်၍ ကုန်းကြောတမံတစ်ခုမှာ ပေ ၂၇၄၅၀ ရှိသည်။ ပင်မတမံသည် ပေ ၂၃၀၀ ရှိသည်။ တာတမံထိပ်အမြင့်မှာ RL - ၁၀၃၀ ပေ၊ ကန်ရေပြည့်အမှတ် RL - ၁၀၁၀ပေ၊ ကန်ရေသေအမှတ် RL-၉၃၂ ပေရှိပြီး ကန်ရေပြည့် ရေလှောင်ပမာဏမှာ ဧက ၃၇၇၆၀၀ ပေရှိသည်။ ကန်ရေသေရေလှောင်ပမာဏမှာ ဧကပေ ၇၀၈၀၀ ရှိပြီး ကန်ရေပြည့် ရေပြင်ကျယ်ဧရိယာ မှာ ၅၇၈၈ ဧက ရှိသည်။

မြစ်သာရေလှောင်တမံ၏ ရေလွှဲမြောင်းအလျားမှာ ပေ ၁၄၃၀၀ ရှိပြီး အကျယ် ပေ ၁၀၀ ရှိသည်။ ရေပိုလွှဲအမျိုးအစားမှာ သံကူကွန်ကရစ် (Duck Bill Type) ဖြစ်ပြီး အကျယ် ပေ ၁၀၄၀ ရှိသည်။ ရေအားလျှပ်စစ် ရေထုတ်ပြွန်မှာ အချင်း ၁၉ ပေ ရှိသည်။

မြစ်သာတာတမံမှာ မြေသားတမံ (ဇုန်အမျိုးအစား)ဖြစ်ပြီး တမံအမြင့် ၂၀၅ ပေရှိသည်။ နှစ်စဉ် ပျမ်းမျှစီးဝင်ရေ ဧကပေ ၁၃၁၀၀၀၀ ရှိပြီး ရေဆင်းဧရိယာ စတုရန်းမိုင် ၇၀၀ ကျယ်ဝန်းသည်။ နှစ်စဉ် ပျမ်းမျှ မိုးရေချိန်လက်မ ၇၀ ရှိပြီး မြစ်သာမြစ်ပေါ်တွင် တည်ဆောက်ထားသော ရေလှောင်တမံဖြစ်သည်။ မြစ်သာရေလှောင်တမံသည် မကွေးတိုင်း ဂန့်ဂေါမြို့နယ် ပြင်သာရွာအနီး၌ တည်ရှိသည်။

ကျွန်တော်နှင့် တူးလေးသည် ကျယ်ဝန်းရှည်လျားသော မြစ်သာတာတမံကြီးကို ဆိုင်ကယ်စီး၍ လှည့်ပတ်ကြည့်ရှုကြသည်။ ဓာတ်ပုံမှတ်တမ်းတင်ကြသည်။ ယောနယ်က ကြီးမားရှည်လျားသော ရေလှောင်တမံကြီး ဖြစ်ပါ၏။ ဤမျှ ကြီးမား ရှည်လျားမည်ဟု မထင်ခဲ့။

အခုတော့ ထင်ထားသည်ထက် ကြီးမားနေသည်။ ပြီးစီးစပြုနေပြီ။ မကြာမီ ဤတာတမံမှ ယောနယ်တစ်ခွင် ရေပေးဝေတော့မည်။ လျှပ်စစ်မီးတွေ ထိန်ထိန်ညီးပေတော့မည်။ တောတောင်တွေကြားက ကဇွန်းထောင့်ရွာကလေးသာမက အပြောကျယ်သည့် ယောနယ်တစ်ခွင်လုံး ဖွံ့ဖြိုးသာယာ တိုးတက်လာတော့မည်သာတည်း။ ။



မကွေးတိုင်း ဂန့်ဂေါမြို့နယ် ပြင်သာရွာအနီးတွင် တည်ဆောက်နေသော ကန်ရေပြည့် ရေလှောင်ပမာဏ ဧကပေ ၃၇၇၆၀၀ ရှိ မြစ်သာရေလှောင်တမံ။

မြစ်သာရေလှောင်တမံ၏ ရေလွှဲမြောင်းအလျားမှာ ပေ ၁၄၃၀၀ အကျယ် ပေ ၁၀၀ ရှိ ရေလွှဲမြောင်းမကြီးကို တွေ့ရစဉ်။

မြစ်သာရေလှောင်တမံ ရေအားလျှပ်စစ်ထုတ်ယူမည့် စက်ရုံမြေနေရာကို တွေ့ရစဉ်။

❍ ဂျပန်နိုင်ငံမှ

အဆိုပါ အာကာသယာဉ်ကို ဂျပန်အာကာသ စူးစမ်းလေ့လာရေး အေဂျင်စီက ၂၀၀၃ ခုနှစ်တွင် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

ညြစကြေးလျ ကာကွယ်ရေးဝန်ကြီး ဂျွန်ဖော့ကနာဖ် ပြောကြားချက်အရ ဟာယာဘူဆာ အာကာသယာဉ်သည် ညြစကြေးလျတောင်ပိုင်း ဝိုမီရာဒေသအနီးတွင် ဆင်းသက်မည်ဖြစ်ကြောင်း သိရသည်။

ဟာယာဘူဆာ အာကာသယာဉ်သည် ၂၀၀၅ ခုနှစ် နှောင်းပိုင်းတွင် အီတိုကာဝါဂြိုဟ်သိမ်ပေါ်သို့ ရောက်ရှိခဲ့ပြီး ကမ္ဘာ့အာကာသသမိုင်းတွင် ဂြိုဟ်သိမ်တစ်ခုနှင့် အာကာသယာဉ်တစ်စင်း တို့အကြား ပထမဆုံးလုပ်ဆောင်နိုင်ခဲ့သော ဆက်သွယ်မှုဖြစ်သည်။

ဟာယာဘူဆာ အာကာသယာဉ်၏ ခရီးစဉ်သည် သမိုင်းဝင်ခရီးစဉ်ဖြစ်ကြောင်း ညြစကြေးလျကာကွယ်ရေးဝန်ကြီးက ပြောကြားသည်။ အလားတူ ညြစကြေးလျအာဏာပိုင်များကလည်း ပြန်လည်ဆင်းသက်လာမည့် ဟာယာဘူဆာအာကာသယာဉ်ကို ပြန်လည်မွမ်းမံပြင်ဆင်ရေးနှင့် ၎င်းအာကာသယာဉ်၏ နောက်ဆုံးသွားရောက်မည့် ခရီးစဉ်အတွက် ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများတွင် ဂျပန်အာကာသ စူးစမ်းလေ့လာရေး အေဂျင်စီနှင့်အတူ ပါဝင်ဆောင်ရွက်မည်ဖြစ်သည်။ ။

အင်တာနက် ကျန်းမာရေးသတင်း | **ဘာသာပြန် - ခင်ချိုဝင်း**

အသားကင်အကျွမ်းစားသုံးသူသည် ဆီးအိတ်ကင်ဆာဖြစ်နိုင်ခြေရှိသည်ဟုဆို

အသားကင်အကျွမ်းနှင့် နူးနပ်ပြီး ပျော့အိနေသော အသားတို့ကို စားသုံးလျှင် ပန်ကရီယကင်ဆာရောဂါဖြစ်နိုင်သည့် ဆက်စပ်မှုကို လေ့လာတွေ့ရှိခဲ့သည့်အပြင် ဆီးအိတ်ကင်ဆာ ဖြစ်လာနိုင်သည်ဟု သုတေသနပြုချက်အသစ်၌ ဖော်ပြထားသည်။

ဆီးအိတ်ကင်ဆာရောဂါဖြစ်ရသည့် အဓိကအကြောင်းအရင်းမှာ မျိုးဗီဇနှင့် ဆိုင်သော ခုခံနိုင်မှုအားနည်းခြင်းနှင့် ဆေးလိပ်သောက်သုံးခြင်းတို့ကြောင့်ဟု ကနဦး သုတေသနပြုချက်၌ လေ့လာတွေ့ရှိထားပြီးဖြစ်သည်။

မကြာခဏ အသားများကို စားသုံးနေသူ အထူးသဖြင့် နူးနပ်ပျော့အိသော အသား(သို့) မီးအပူပြင်းပြင်းဖြင့် ချက်ပြုတ်ထားသော အသားများကို စားသုံးသူသည် ဆီးအိတ်ကင်ဆာဖြစ်နိုင်ခြေများသည်ဟု ဝါရှင်တန်ဒီစီ၌ ပြုလုပ်သော အမေရိကန် ကင်ဆာသုတေသီအဖွဲ့၏ နှစ်စဉ်ဆွေးနွေးပွဲ၌ လေ့လာတွေ့ရှိချက်ကို တင်ပြခဲ့ကြသည်။

မီးအပူပြင်းပြင်းဖြင့် ချက်ပြုတ်သောအသားများသည် ဟေသရိုစိုက်ကလစ်အမီနက်စ်(အိပ်ချ်စီအေအက်)ဖြပ်ပေါင်းထွက်ရှိသည်။ ထိုဖြပ်ပေါင်းများသည် ကင်ဆာရောဂါဖြစ်နိုင်သည်ကို သိရှိထားကြသည်။ နူးနပ်လွန်းသော အသားဟင်းများ၊ မီးကျွမ်းသွားသော အသားများကို မစားသုံးလျှင် ဆီးအိတ်ကင်ဆာဖြစ်နိုင်ခြေမရှိဟု သုတေသန အဖွဲ့ခေါင်းဆောင် ဂျီလင်က ပြောကြားခဲ့သည်။

အမဲသား၊ ဝက်သား၊ ကြက်သား၊ ငါးတို့ကို ကင်ခြင်း၊ ကြော်ခြင်း သို့မဟုတ် နူးနပ်လွန်းအောင် ချက်ပြုတ်စားသုံးသူတို့သည် ဆီးအိတ်ကင်ဆာဖြစ်နိုင်ခြေ နှစ်ပုံတစ်ပုံရှိသည်ဟု လေ့လာတွေ့ရှိခဲ့သည်။

အနီရောင်အသားများကို ရက်သတ္တတစ်ပတ်လျှင် ၅၀၀ ဂရမ်မျှသာ ချင့်ချိန်စွာ စားသုံးသင့်ပြီး အသင့်စားအစာအဖြစ် ပြင်ဆင်ရောင်းချသော အသား စားသုံးခြင်းကို ရှောင်ရှားသင့်သည်ဟု သုတေသနအဖွဲ့၏ တွဲဖက်စာရေးဆရာ ဇီဖင်ဂူက ပြောကြားသည်။

ကန်ဒါဟာဒုတိယမြို့တော်ဝန် လုပ်ကြံခံရ

ကဘူး ဧပြီ ၂၁

အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်း ကန်ဒါဟာမြို့တော်၏ လက်ထောက် မြို့တော်ဝန်သည် ဘာသာရေးတက်ကျောင်း၌ ဝတ်ပြုနေစဉ် သေနတ်သမားများ၏ ပစ်ခတ်မှုကြောင့် သေဆုံးခဲ့ရကြောင်း တာဝန်ရှိသူ တစ်ဦးက ပြောကြားသည်။

တနလ်ာနေ့ညတွင် ကန်ဒါဟာ လက်ထောက် မြို့တော်ဝန်အာဇီဇူလာယာ မေးလ်နှင့်မိတ်ဆွေများသည် ဝတ်ကျောင်း အတွင်း၌ ဝတ်ပြုနေကြစဉ် လုပ်ကြံသူ များသည် ဝတ်ကျောင်းအတွင်းသို့ ဝင် ရောက်လာခဲ့ကြပြီး ဒုတိယမြို့တော်ဝန်ကို ပစ်သတ်ခဲ့ကြကြောင်းတာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

လုပ်ကြံသူများ လွတ်မြောက်သွား ကြပြီး တစ်စုံတစ်ဦးကိုမျှ ဖမ်းဆီးနိုင်ခြင်း မရှိသေးကြောင်းကန်ဒါဟာပြည်နယ်မှပြော ရေးဆိုခွင့်ရှိသူ ဇာလ်မိုင်းအယွတ်ဘီက ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အာဖဂန်နစ္စတန်နိုင်ငံ၌ အသေ ခံကားပုံးဖောက်ခွဲမှုကြောင့် ပျက်စီး သွားသောကားများကို လုံခြုံရေး တပ်ဖွဲ့က စစ်ဆေးမှုများ ပြုလုပ်နေ သည်ကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အာဖဂန်နစ္စတန်နိုင်ငံ၊ မြောက်ပိုင်းပြည်နယ်တွင် ကုမ္ပဏီဝန်ထမ်းရှစ်ဦး အဓမ္မဖမ်းဆီးခေါ်ဆောင်ခြင်းခံရ

ကန်ဒုဇ်(အာဖဂန်နစ္စတန်) ဧပြီ ၂၁

အာဖဂန်နစ္စတန်မြောက်ပိုင်း ကန်ဒုဇ် ပြည်နယ်ရှိ ဆောက်လုပ်ရေး ကုမ္ပဏီ တစ်ခုမှ ဝန်ထမ်းရှစ်ဦးသည် အဂိါနေ့ နံနက်ပိုင်းက ပျောက်ဆုံးနေကြောင်း၊ တာလီဘန် သောင်းကျန်းသူများ၏ အဓမ္မဖမ်းဆီး ခေါ်ဆောင်သွားခြင်းခံရ သည်ဟုယူဆရကြောင်း ပြည်နယ်အုပ်ချုပ် ရေးဌာနမှပြောခွင့်ရပုဂ္ဂိုလ်က ပြောကြား သည်။

အာဖဂန်နိုင်ငံ အလီအဘတ်ဒ်ခရိုင် အိုမာခေးလ်ဒေသရှိ ဒေသန္တရဆောက် လုပ်ရေး ကုမ္ပဏီတစ်ခု၏ လုပ်ငန်းခွင်တွင် အလုပ်လုပ်နေကြသော ဝန်ထမ်းရှစ်ဦးကို တာလီဘန်များက ဖမ်းဆီးခေါ်ဆောင် သွားကြောင်း ၎င်းက ဆင်ဟွာသတင်း ဌာနသို့ ပြောကြားသည်။

ဖမ်းဆီးခေါ်ဆောင်သွားခြင်း ခံရသူ ရှစ်ဦးအနက် တစ်ဦးမှာ ပါကစ္စတန်နိုင်ငံ သားအင်ဂျင်နီယာတစ်ဦးဖြစ်ပြီး ကျန်ခုနစ် ဦးမှာ အာဖဂန်လူမျိုးများဖြစ်ကြောင်း၊ တစ်ဦးမှာ ယာဉ်မောင်းဖြစ်ပြီး ကျန်ခြောက် ဦးမှာ အင်ဂျင်နီယာများ ဖြစ်ကြောင်း သိရသည်။

အဆိုပါဆောက်လုပ်ရေးကုမ္ပဏီသည် ကန်ဒုဇ်ပြည်နယ်တွင် လမ်းနှင့်တံတားများ၊ အဆောက်အအုံများ ဆောက်လုပ်နေ ခြင်းဖြစ်သည်။ တာလီဘန်များဘက် ကမူ ထိုကိစ္စနှင့်ပတ်သက်၍ ထင်မြင်ချက် တစ်စုံတစ်ရာ မပေးပေ။

ယခုဖြစ်ရပ်သည် နှစ်ပတ်အတွင်း အာဖဂန်နစ္စတန်တွင် ဖြစ်ပွားခဲ့သော အဓမ္မ ဖမ်းဆီးခံရမှု ဖြစ်သည်။ လွန်ခဲ့ သော ရက်သတ္တနှစ်ပတ်က ကုလသမဂ္ဂ၏ ဒေသခံဝန်ထမ်းငါးဦးကို ဘက်ဂလန် ပြည်နယ်တွင် ပြန်ပေးဆွဲခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

နိုင်ငံတကာ
သတင်းများ

အီရတ်နိုင်ငံ အန်ဘာပြည်နယ်၌ ပုံးပေါက်ကွဲ ရဲအရာရှိ တစ်ဦးအပါအဝင် နှစ်ဦးသေဆုံး

ဘဂ္ဂဒက် ဧပြီ ၂၁

အီရတ်နိုင်ငံ အန်ဘာပြည်နယ် အနောက်ပိုင်း ဘဂ္ဂဒက်မြို့၌ ဧပြီ ၂၀ ရက်က ပုံးပေါက်ကွဲရာ ရဲအရာရှိတစ်ဦး အပါအဝင် နှစ်ဦးသေဆုံးပြီး လေးဦး ဒဏ်ရာရရှိခဲ့သည်ဟု ပြည်ထဲရေးဝန်ကြီး ဌာနက သတင်းထုတ်ပြန်ခဲ့သည်။

ပြောကြား

ဘဂ္ဂဒက်မြို့အနောက်ဘက် ကီလို မီတာ ၁၆၀ အကွာ ဟစ်မြို့၌ အန်ဘာ ပြည်နယ် ဒုတိယရဲချုပ် ဗိုလ်မှူးကြီးရာဟစ် အိုမာ၏ယာဉ်တန်းကို လမ်းဘေးပုံးဖြင့် ဖောက်ခွဲတိုက်ခိုက်ခဲ့ရာ ၎င်းနှင့် ၎င်း၏ ယာဉ်မောင်းသေဆုံးပြီး ရဲတပ်ဖွဲ့ဝင်နှစ်ဦး ဒဏ်ရာရရှိခဲ့သည်ဟု အမည်မဖော်လိုသူ တစ်ဦးက ဆင်ဟွာသတင်းဌာနသို့ ပြော ကြားခဲ့သည်။

ပုံးဖောက်ခွဲ

အလုပ်ခွင်သို့သွားနေစဉ် အိုမာ၏ ယာဉ်တန်းကို ပုံးဖောက်ခွဲခဲ့ခြင်း ဖြစ်သည် ဟု သတင်း၌ ဖော်ပြထားသည်။

ယင်းနေ့နံနက်ပိုင်းကလည်း ဘဂ္ဂဒက်မြို့ အနောက်ပိုင်းရှိ ခါဒရာဒေသ အဓိက လမ်းများပေါ်တွင် ဖြတ်သန်းမောင်းနှင် သွားသော အမေရိကန်တပ်ဖွဲ့ ယာဉ်တန်း များကိုပစ်မှတ်ထား၍ ပုံးသုံးလုံးဖောက် ခွဲခဲ့သည်။

သို့သော် အဆိုပါ ပုံးဖောက်ခွဲမှုများ ကြောင့် အမေရိကန်တပ်ဖွဲ့ဝင်များ ထိခိုက် သေဆုံးမှု ရှိ၊ မရှိကို မသိရှိ သေးပေ။

ဖော်ပြထား

သီးခြားတိုက်ခိုက်မှုတစ်ရပ်တွင် မြို့တော် ဘဂ္ဂဒက်အရှေ့ပိုင်း နယူးဘဂ္ဂဒက် အနီး၌ ပုံးတစ်လုံး ပေါက်ကွဲခဲ့ရာ အရပ်သား နှစ်ဦးဒဏ်ရာရရှိခဲ့သည်ဟု သတင်း၌ ဖော်ပြထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်အယ်လ်ခိုင်ဒါခေါင်းဆောင်တစ်ဦး ထပ်မံသေဆုံး

ဘဂ္ဂဒက် ဧပြီ ၂၁

အီရတ်နိုင်ငံမြောက်ပိုင်း နင်နီဗတ်ပြည်နယ်တွင် အမေရိကန်နှင့်အီရတ်တပ်ဖွဲ့များ က စစ်ဆင်ရေးဆင်နွဲရာ နောက်ထပ် အယ်လ်ခိုင်ဒါခေါင်းဆောင်တစ်ဦးသေဆုံး ကြောင်း အီရတ်စစ်ဘက်မှ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်ချုပ်ကာစင်အယ်လ်မူဆာဝီက အဂိါနေ့တွင် ကြေညာခဲ့သည်။

သူပုန်ခေါင်းဆောင်နှစ်ဦးသေဆုံးပြီဖြစ်ကြောင်း အစိုးရကကြေညာပြီးနောက်နေ့ တွင် ဤသတင်းထွက်ပေါ်လာခြင်းဖြစ်သည်။ အီရတ်အယ်လ်ခိုင်ဒါ ခေါင်းဆောင်များ ဖြစ်သော အဘူအိုင်ယက်အယ်လ်မာဆရီနှင့် အဘူအိုမာအယ်လ်ဘက်ဒါဒီတို့သည် တနင်္ဂနွေနေ့တွင် သေဆုံးခဲ့ကြသည်ဟုဆိုသည်။

တတိယမြောက်သေဆုံးသူ အယ်လ်ခိုင်ဒါခေါင်းဆောင် အဘူဆူဟစ်ဟုခေါ်သော အာမက်အယ်လ်အိုဗိုင်းဒီသည် ကယ်လ်ကွတ်၊ ဆာလာဟူဒင်နှင့် နင်နီဗတ်ပြည်နယ် များ၌ အကြမ်းဖက်တိုက်ခိုက်ခြင်းများကို တာဝန်ယူရသူဖြစ်သည်။

၂၀၀၃ခုနှစ် အမေရိကန်ဦးဆောင်၍ အီရတ်နိုင်ငံအတွင်းသို့ ဝင်ရောက်ခဲ့ကတည်း က ဖြစ်ပေါ်ခဲ့သော သွေးထွက်သံယို အကြမ်းဖက် တိုက်ခိုက်မှုများမှာ အယ်လ်ခိုင်ဒါတို့၏ လက်ချက်များ ဖြစ်သည်ဟုဆိုသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အကျဉ်းသားများ လဲလှယ်ရန် ပါကစ္စတန် စစ်သွေးကြွများတောင်းဆို

အစ္စလာမ္မာဘတ် ဧပြီ ၂၁

စစ်သွေးကြွများဖမ်းဆီးထားသော ထောက်လှမ်းရေးအရာရှိဟောင်းနှစ်ဦးနှင့် ပါကစ္စတန်ကဖမ်းဆီးထားသော အာဖဂန် တာလီဘန် ထိပ်တန်းခေါင်းဆောင်နှစ်ဦး တို့ကို အပြန်အလှန် လဲလှယ်ပေးရန် တာလီဘန်လိုလားသော စစ်သွေးကြွ များက ပါကစ္စတန်အစိုးရကို တောင်းဆိုခဲ့ သည်။

ပျောက်ဆုံး

ပြည်တွင်း ထောက်လှမ်းရေးအရာရှိ ဟောင်း ဗိုလ်မှူးကြီးအိုင်မင်၊ ခါလစ်ဒ် ခါဝါချာနှင့် သတင်းစာဆရာနှစ်ဦးတို့ သည် မတ် ၂၆ ရက်က မြောက်ဝါဇီ ရစ္စတန်ဒေသ မီရန်ရှားမြို့သို့အသွား ပျောက်ဆုံးသွားခဲ့သည်။ ပျောက်ဆုံးသွား သော အဆိုပါ ထောက်လှမ်းရေးအရာရှိ ဟောင်းနှစ်ဦး၏ပုံကို ဗီဒီယိုခွေရိုက်ကူး ပြသခဲ့ပြီးနောက် အကျဉ်းသားချင်း အပြန်အလှန် လဲလှယ်ရေးကို စစ်သွေးကြွ များက တောင်းဆိုခဲ့ခြင်းဖြစ်သည်။

သတိပေး

၎င်းတို့၏ တောင်းဆိုချက်ကို မဖြည့် ဆည်းလျှင် ထိုအရာရှိနှစ်ဦးကို သတ်ပစ် မည်ဟု စစ်သွေးကြွများက ပါကစ္စတန် သက်ဆိုင်ရာ တာဝန်ရှိသူများကို သတိ ပေးခဲ့ကြောင်း ပါကစ္စတန်သတင်းဌာနက ဖော်ပြသည်။

အမ်အင်အေ၊ဆင်ဟွာ။

အာဖဂန်အရှေ့ပိုင်း၌ စက်ဘီးပုံးဖောက်ခွဲ

ခို့စ် ဧပြီ ၂၁

အာဖဂန်နစ္စတန် အရှေ့ပိုင်း ခို့စ် ပြည်နယ် ခို့စ်မြို့တော်၌ ဧပြီ ၂၀ ရက်က စက်ဘီးပုံးဖောက်ခွဲတိုက်ခိုက်မှု ဖြစ်ပွားခဲ့ ကြောင်းဟု ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

ပုံးတပ်ဆင်ထားသော စက်ဘီးတစ်စီးကို ပြည်နယ်အုပ်ချုပ်ရေးရုံးအနီး ပန်းခြံ၌ ရပ်ထားရာ မွန်းတည့်ချိန်တွင် ပေါက်ကွဲ ခဲ့ကြောင်း၊ သို့သော် လူများထိခိုက် သေဆုံးမှုမရှိသကဲ့သို့ အပျက်အစီးများ လည်းမရှိကြောင်း ပြည်နယ် ရဲချုပ်အဒူလ် ဟာခမ် အိုင်ရှာဇိုင်က ဆင်ဟွာသတင်း ဌာနသို့ ပြောကြားခဲ့သည်။

အာဖဂန်အစိုးရ၏ အကျိုးစီးပွားများကို ဆန့်ကျင်တိုက်ခိုက်လေ့ရှိသော တာလီဘန် အဖွဲ့က စက်ဘီးပုံးပေါက်ကွဲမှုနှင့်ပတ် သက်၍ တစ်စုံတစ်ရာ ပြောဆိုခဲ့ခြင်း မရှိ ပေ။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်နိုင်ငံတွင် ပုံးအရှိန်ကြောင့် ပျက်စီးသွားသောအဆောက်အအုံကို တွေ့မြင်ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော် ဝင်ရောက်စွက်ဖက်မှုကြောင့် အီရတ်ပြည်သူများသေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ဘဂ္ဂဒက် ဧပြီ ၂၁

အီရတ်နိုင်ငံသို့ အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့သည်မှာ အချိန်ကာလကြာမြင့်ခဲ့ပြီ ဖြစ်သည်။

အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များ၏ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့မှုကြောင့် အီရတ်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရရှိလျက်ရှိသည်။

အီရတ်ပြည်သူများ သေဆုံး၊ဒဏ်ရာရရှိမှု

အီရတ်နိုင်ငံသို့ အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့သည့်အချိန်မှစတင်ပြီး ဧပြီ ၂၁ ရက်အထိ သေဆုံးခဲ့သည့် အီရတ်ပြည်သူဦးရေမှာ ၇၀၁၀၄၀ ဦး ရှိပြီး အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ ဦးရေမှာ ၁၂၆၆၃၃၂ ဦး ဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁။	သေဆုံးသူအီရတ်ပြည်သူများ	၇၀၁၀၄၀ ဦး
၂။	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အီရတ်ပြည်သူများ	၁၂၆၆၃၃၂ ဦး

(အင်တာနက်)

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော် ဝင်ရောက်စွက်ဖက်မှုကြောင့် အာဖဂန်ပြည်သူများသေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ကဘူး ဧပြီ ၂၁

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့သည်မှာ အချိန်ကာလကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ၏ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့မှုကြောင့် အာဖဂန်ပြည်သူအများအပြား နေ့စဉ်သေဆုံး၊ ဒဏ်ရာရရှိလျက်ရှိသည်။

အာဖဂန်ပြည်သူများ သေဆုံး၊ဒဏ်ရာရရှိမှု

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော် ဝင်ရောက်စွက်ဖက်ခဲ့သည့် အချိန်မှ စတင်ပြီး ဧပြီ ၂၁ ရက်အထိ သေဆုံးခဲ့သည့် အာဖဂန်ပြည်သူဦးရေမှာ ၃၂၇၆၄ ဦး ရှိပြီး အပြင်းအထန်ထိခိုက်ဒဏ်ရာ ရရှိသူဦးရေမှာ ၃၉၂၂၅ ဦး ဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁။	သေဆုံးသူအာဖဂန်ပြည်သူများ	၃၂၇၆၄ ဦး
၂။	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူအာဖဂန်ပြည်သူများ	၃၉၂၂၅ ဦး

(အင်တာနက်)

ထိုင်းငါးဖမ်းသင်္ဘောသုံးစင်း ပင်လယ်ဓားပြများ ပြန်ပေးဆွဲ

နိုင်ရိုဘီ(ကင်ညာ) ဧပြီ ၂၁

ဆိုမာလီကမ်းခြေမှ မိုင်ပေါင်း ၁၂၀၀ကျော် ဝေးကွာသောရေပြင်တွင် ထိုင်းငါးဖမ်းသင်္ဘောသုံးစင်းကို သင်္ဘောသား ၇၇ ဦးနှင့်အတူ ဆိုမာလီပင်လယ်ဓားပြများက ပြန်ပေးဆွဲသွားကြောင်း ဥရောပသမဂ္ဂ(အီးယူ)ရေတပ်က အဂါနေ့တွင် ပြောကြားသည်။

ဆိုမာလီကမ်းလွန်တွင် နိုင်ငံတကာ စစ်သင်္ဘောများ ကင်းလှည့်စောင့်ကြပ်နေခြင်းကြောင့် ပင်လယ်ဓားပြများသည် တောင်ဘက်နှင့် အရှေ့ဘက်သို့ နယ်ပယ်ချဲ့ထွင်လာခဲ့ကြသည်။

အီးယူစစ်သင်္ဘောများ ပုံမှန်ကင်းလှည့်နေသော ရေပြင်နယ်နိမိတ်၏ အပြင်ဘက် မိုင် ၆၀၀ နီးပါးဝေးသော ရေပြင်တွင် ထိုင်းငါးဖမ်းသင်္ဘောသုံးစင်းကို တနင်္ဂနွေနေ့က ပြန်ပေးဆွဲခြင်းဖြစ်ကြောင်း အီးယူရေတပ်ပြောရေးဆိုခွင့်ရှိသူ ဒုတိယဗိုလ်မှူးကြီးဂျွန်ဟာဘာက ပြောကြားသည်။

အဆိုပါသုံးစင်းမှာ အမ်ဗွီပရမ်တာလေး ၁၁၊ ၁၂ နှင့် ၁၄ တို့ဖြစ်ပြီး သင်္ဘောသား စုစုပေါင်း ၇၇ဦးပါရှိ၍ အားလုံးသည် ထိုင်းလူမျိုးများဖြစ်ကြောင်း၊ ၎င်းသုံးစင်းလုံးကို ပီတီငါးလုပ်ငန်းကုမ္ပဏီက ပိုင်ဆိုင်ကြောင်း ဟာဘာက ပြောကြားသည်။

ထိုင်းငါးဖမ်းသင်္ဘောသုံးစင်းကို ပြန်ပေးမဆွဲမီအထိ ဆိုမာလီပင်လယ်ဓားပြများသည် သင်္ဘော ၁၁ စီးနှင့် သင်္ဘောသား ၂၂၈ ဦးတို့ကို ပြန်ပေးဆွဲခဲ့ကြောင်း နိုင်ငံတကာရေကြောင်း ဗျူရိုမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ဆိုမာလီနိုင်ငံ အရှေ့မြောက်ပိုင်း ကမ်းရိုးတန်းတွင် ပင်လယ်ဓားပြတစ်ဦး ကင်းစောင့်နေသည်ကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တူရကီ၌ ပုံးသုံးလုံးပေါက်ကွဲ

အစ္စတန်ဘူလ် ဧပြီ ၂၁

တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့ ကမ္ဘာလှည့်ခရီးသည်များ သွားလာမှုများသော စူလတန်နာမက်ခရိုင်၌ တနလ်ာနေ့နှောင်းပိုင်းက ပုံးသုံးလုံး ပေါက်ကွဲခဲ့ကြောင်း စီအင်နအင်နတာ့စ် သတင်းဌာနက အဂါနေ့တွင် ဖော်ပြသည်။

အဆိုပါပုံးများသည် စူလတန်နာမက်ခရိုင် ဒီဝန်ယိုလူရိပ်သာလမ်း၌ ပေါက်ကွဲခဲ့ကြောင်း၊ ပထမပေါက်ကွဲသော ပုံးသည် ရိပ်သာအတွင်းရှိ အမှိုက်ပုံးထဲတွင် ပေါက်ကွဲ၍ ဒုတိယပုံးသည် ပျော်ပွဲစားရုံ၏ အရှေ့မျက်နှာစာတွင် ပေါက်ကွဲခဲ့သည်။ တတိယပုံးမှာ လက်ဖက်ရည်ဆိုင် အရှေ့တွင် ပေါက်ကွဲခြင်းဖြစ်သည်။

သို့ရာတွင် ဒဏ်ရာရရှိသူ တစ်စုံတစ်ဦးမျှမရှိဟု ဆိုသည်။

ပုံးပေါက်ကွဲမှုနှင့် ပတ်သက်၍ သက်ဆိုင်ရာက စုံစမ်းစစ်ဆေးလျက်ရှိသည်ဟု သိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရန်နိုင်ငံတွင် ကားပုံးပေါက်ကွဲ၍ နှစ်ဦးသေဆုံး

တီဟီရန် ဧပြီ ၂၁

အီရန်နိုင်ငံ အနောက်တောင်ပိုင်း အီလမ်ပြည်နယ်တွင် ကားပုံးပေါက်ကွဲမှု ဖြစ်ပွားရာ လူနှစ်ဦးထက်မနည်း သေဆုံးပြီး ရှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း အီရန်နိုင်ငံ လခြမ်းနီအဖွဲ့မှ တာဝန်ရှိသူများက ပြောကြားသည်။

ပြောကြား

အဆိုပါပုံးသည် အီလမ်မြို့တွင် အဂါနေ့ မွန်းလွဲပိုင်းက ပေါက်ကွဲခဲ့ခြင်းဖြစ်သည်။ ပုံးပေါက်ကွဲမှုကြောင့် အရပ်သား နှစ်ဦး သေဆုံးပြီး ရှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း အီလမ်ပြည်နယ် လခြမ်းနီအဖွဲ့ အကြီးအကဲ မိုဟာမက်ဘေကာ မိုဟာမဒီက ပြောကြားသည်။

ပုံးပေါက်ကွဲရခြင်း၏ အဓိက အကြောင်းရင်းကို ရှာဖွေရန် စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်မည်ဖြစ်ကြောင်း မိုဟာမက်မဒီက ပြောကြားသည်။

ပုံးပေါက်ကွဲရာနေရာအနီးရှိ တိုက်ခန်းတွဲများနှင့် လုံးချင်းအိမ်ရာများလည်း ပျက်စီးသွားခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

တောင်အာဖရိကနိုင်ငံ ပရီတိုးရီးယားမြို့တွင် ဧပြီ ၂၁ ရက်က ရထားတစ်စင်း လမ်းချော်တိမ်းမှောက်ခဲ့ရာ အပျက်အစီးများကို တွေ့ရစဉ်။

(ရထားတိမ်းမှောက်မှုကြောင့် နှစ်ဦး သေဆုံးပြီး ၁၅ ဦးဒဏ်ရာရရှိသည်။)

(ဓာတ်ပုံ-အင်တာနက်)

ပါရှန်ပင်လယ်ကွေ့၌ အီရန်စစ်ရေး လေ့ကျင့်မည်

တီဟီရန် ဧပြီ ၂၁

အီရန်နိုင်ငံသည် ပါရှန်ပင်လယ်ကွေ့နှင့် ဟော်မုဇ်ရေလက်ကြားဒေသများတွင် စစ်ရေးလေ့ကျင့်မှုကို ကြသပတေးနေ့မှစ၍ ပြုလုပ်မည်ဖြစ်ကြောင်း အီရန်တော်လှန်ရေးအစောင့်တပ်ဖွဲ့ ထိပ်တန်းအရာရှိတစ်ဦးက ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

စစ်ရေးလေ့ကျင့်မှုပြုလုပ်ရခြင်း၏အဓိက ရည်ရွယ်ချက်သည် စွမ်းအင်နှင့် တစ်ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးအရ အရေးပါသော ပါရှန်ပင်လယ်ကွေ့နှင့် ဟော်မုဇ်ရေလက်ကြားဒေသ လုံခြုံမှုအတွက်ဖြစ်ကြောင်း အီရန်တော်လှန်ရေးအစောင့်တပ်ဖွဲ့မှ ဗိုလ်ချုပ်ကြီး တစ်ဦးက ပြောကြားသည်။

ပြောကြား

အီရန်၏ စစ်ရေးလေ့ကျင့်မှုသည် အိမ်နီးချင်းနိုင်ငံများကို ခြိမ်းခြောက်ခြင်း မဟုတ်ကြောင်း၊ ပါရှန်ပင်လယ်ကွေ့ဒေသတွင် ငြိမ်းချမ်းမှုနှင့် လုံခြုံမှုရရှိရေးအတွက်သာဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အဆိုပါ စစ်ရေးလေ့ကျင့်မှုသည် သုံးရက်ကြာမြင့်မည်ဖြစ်သည်။

အီရန်နိုင်ငံသည် ပါရှန်ပင်လယ်ကွေ့ဒေသလုံခြုံရေးနှင့် အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့တွင် တက်တက်ကြွကြွပါဝင်ရန် အသင့်ရှိကြောင်း ထပ်လောင်းအတည်ပြုပြောကြားပြီးဖြစ်သည်။

အင်တာနက်။

အီရန်၏ဓာတ်ငွေ့ ထုတ်လုပ်ရေးလုပ်ငန်းအတွက် ဒေါ်လာငါးဘီလီယံ သတ်မှတ်

တီဟီရန် ဧပြီ ၂၁

အီရန်နိုင်ငံအစိုးရသည် ပါရှန်ပင်လယ်ကွေ့ရှိ ဆောက်သ်ပါးစ်ဓာတ်ငွေ့သိုက်ထုတ်လုပ်ရေးအတွက် အမေရိကန် ဒေါ်လာ ငါးဘီလီယံ ခွဲဝေသတ်မှတ်ပေးလိုက်သည်။

ခွဲဝေပေးလိုက်သော ငွေကြေးပမာဏကို ဆောက်သ်ပါးစ်ဓာတ်ငွေ့သိုက်ထုတ်ဖော် ရာတွင်လည်းကောင်း၊ မဂ္ဂါဝပ် ၁၀၀၀မည့် ပါးစ်ဓာတ်အားပေးစက်ရုံတည်ဆောက်ရာတွင် အသုံးပြုမည်ဖြစ်ကြောင်း ပါးစ်ရေနံနှင့် ဓာတ်ငွေ့ကုမ္ပဏီမှ ဦးဆောင်ညွှန်ကြားရေးမှူး အလီဗာကီလီက တနလ်ာနေ့တွင် ပြောကြားသည်။

အီရန်နိုင်ငံပိုင် ရေနံကုမ္ပဏီ၏ ဘဏ္ဍာရေးအရင်းအမြစ် ၄၀ရာခိုင်နှုန်းကို လက်ရှိအီရန်ပြကွဒိန်နှစ်အတွင်း ဆောက်သ်ပါးစ်ဓာတ်ငွေ့သိုက်တွင် ရင်းနှီးမြှုပ်နှံမည်ဖြစ်ကြောင်း ဗာကီလီက ဖော်ပြသည်။

ဆောက်သ်ပါးစ်ဓာတ်ငွေ့သိုက်ကို အီရန်နှင့် ကာတာနိုင်ငံတို့ ပူးတွဲပိုင်ဆိုင်သည်။ အီရန်နိုင်ငံသည် ကမ္ဘာပေါ်တွင် ဒုတိယအကြီးဆုံး ဓာတ်ငွေ့သိုက်တည်ရှိသည့် နိုင်ငံဖြစ်ပြီး ရေနံအရင်းအမြစ်တွင် တတိယအကြီးဆုံး နိုင်ငံဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

မိုဂါဒစ်ရှူးတွင် တိုက်ပွဲဖြစ်ပွား၊ လူငါးဦးသေဆုံး

မိုဂါဒစ်ရှူး ဧပြီ ၂၁

တည်ငြိမ်မှုမရှိသော ဆိုမာလီနိုင်ငံ မိုဂါဒစ်ရှူးမြို့တွင် အစိုးရတပ်ဖွဲ့ဝင်များနှင့် သူပုန်များအကြား အပြန်အလှန်ပစ်ခတ်မှုကြောင့် ငါးဦးထက်မနည်း သေဆုံးကြောင်း လက်နက်ကြီးများဖြင့် ပစ်ခတ်ကြခြင်းဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

ယင်းဖြစ်စဉ်တွင် လူခုနစ်ဦး ဒဏ်ရာရရှိကြောင်း ဆေးဘက်ဆိုင်ရာ တာဝန်ရှိသူများက ပြောကြားသည်။ ဆိုမာလီအစိုးရတာဝန်ရှိပုဂ္ဂိုလ်များက ပစ်ခတ်မှုများနှင့်ပတ်သက်၍ အတည်ပြုပြောကြားသော်လည်း အသေးစိတ် ပြောကြားမှုမရှိချေ။

ထိန်းချုပ်မှုကင်းမဲ့နေသော မိုဂါဒစ်ရှူးမြို့တွင် တိုက်ပွဲများကြောင့် အပြစ်မဲ့အရပ်သားများမှာ ဒုက္ခကြီးစွာရောက်နေကြရသည်ဟု ဆိုသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဆိုမာလီနိုင်ငံ မိုဂါဒစ်ရှူးမြို့တွင် အယ်လ်ရှာဘတ်တိုက်ခိုက်ရေးသမားများက လမ်းမများပေါ်တွင် ကြွေးကြော်သံများဖြင့် အော်ဟစ်နေကြသည်ကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အာဖဂန်နစ္စတန်တွင် သံချပ်ကာကားတစ်စီးတိမ်းမှောက် ဂျာမန်တပ်ဖွဲ့ဝင်လေးဦးဒဏ်ရာရ

ဘာလင် ဧပြီ ၂၁

အာဖဂန်နစ္စတန်နိုင်ငံတွင် သံချပ်ကာကားတစ်စီး တိမ်းမှောက်သွားရာ ဂျာမန်တပ်ဖွဲ့ဝင်လေးဦး ဒဏ်ရာရရှိသွားကြောင်း ဂျာမန်စစ်ဘက်ဆိုင်ရာ ကွပ်ကဲရေးဌာနက အဂါနေ့တွင် ပြောကြားသည်။

အီးဂဲလ်-၄ အမည်ရှိ သံချပ်ကာကားသည် အာဖဂန်နိုင်ငံမြောက်ပိုင်း ဖေဇာဘက်ဒေသမှ ကိလိုမီတာ ၃၀ အကွာတွင် အဂါနေ့ တိမ်းမှောက်သွားကြောင်း ဂျာမနီစစ်ဘက်ဆိုင်ရာ ကွပ်ကဲရေးဌာနမှ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ အဆိုပါ သံချပ်ကာကားသည် ဒေသပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ၌ ပါဝင်ဆောင်ရွက်ပြီးနောက် ကန်ဒုဇ်ပြည်နယ်မှ ဖေဇာဘက်သို့ အပြန်တွင် တိမ်းမှောက်ခဲ့ခြင်းဖြစ်သည်။ အာဖဂန်နစ္စတန်နိုင်ငံရှိ နိုင်ငံတကာ လုံခြုံရေးအထောက်အကူပြုတပ်ဖွဲ့တွင် လတ်တလော တာဝန်ထမ်းဆောင်နေသော ဂျာမနီတပ်ဖွဲ့ဝင်အင်အား ၄၅၀၀ ခန့်ရှိသည်ဟု သိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

ကိုလံဘီယာနိုင်ငံ အနောက်တောင်ပိုင်း တိုလီမာပြည်နယ်တွင် ရဟတ်ယာဉ်နှစ်စင်း ပျက်ကျပြီးနောက် ဒဏ်ရာရသူ တစ်ဦးအား သယ်ဆောင်လာပုံကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကိုလံဘီယာတွင် စစ်ဘက်ဆိုင်ရာ ရဟတ်ယာဉ်နှစ်စင်းတိုက်မိ၊ ခြောက်ဦးသေဆုံး

ဘိုဂိုတာ ဧပြီ ၂၁

ကိုလံဘီယာနိုင်ငံ အနောက်တောင်ပိုင်းတွင် အဂါနေ့က စစ်ဘက်ဆိုင်ရာ ရဟတ်ယာဉ်နှစ်စင်း တိုက်မိပြီးနောက် ပျက်ကျသွားရာ အရာရှိများအပါအဝင် ခြောက်ဦးသေဆုံးပြီး ငါးဦး ဒဏ်ရာရရှိသည်ဟု စစ်ဘက်ဆိုင်ရာက ပြောကြားသည်။

ကိုလံဘီယာနိုင်ငံ အနောက်တောင်ပိုင်းရှိ တိုလီမာပြည်နယ် စစ်အခြေစိုက်စခန်းမှ အဆိုပါရဟတ်ယာဉ်နှစ်စင်းတို့သည် ကောင်းကင်သို့ပျံတက်ပြီးနောက် တိုက်မိကြခြင်းဖြစ်သည်။

သေဆုံးသွားသူများမှာ တိုလီမာပြည်နယ်တောင်ပိုင်း ပူးပေါင်းစစ်ဆင်ရေးတပ်ဖွဲ့တပ်မှူးဗိုလ်မှူးချုပ်ဖာနန်ဒိုဂျိယာဒါတီ၊ ဗိုလ်မှူးကြီးနှစ်ဦးနှင့် တပ်ဖွဲ့ဝင်သုံးဦးတို့ ဖြစ်ကြသည်။

ယင်းအဖြစ်အပျက်နှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးနိုင်ရန်အတွက် ကိုလံဘီယာလေတပ်မှ သိပ္ပံနှင့် နည်းပညာဆိုင်ရာအဖွဲ့တစ်ဖွဲ့ကို စေလွှတ်ထားကြောင်း ကိုလံဘီယာနိုင်ငံ အာဏာပိုင်များက ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ပဥ္စမအကြိမ် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ညီလာခံကို ဂုဏ်ပြုကြိုဆိုပါသည်

ခင်မောင်ထွန်း(လမ်းမတော်)

နိုင်ငံတော်က ၁၉၉၃ ခုနှစ် နိုဝင်ဘာလတွင် မြန်မာနိုင်ငံ စာပေလုပ်သားအဖွဲ့ကို စနစ်တကျပြန်လည်စုစည်းကာ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့အဖြစ် အသစ်တစ်ဖန် ပြန်လည်ဖွဲ့စည်းပေးခဲ့သည်။

မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့အဖြစ် အသစ်တစ်ဖန်ပြန်လည်ဖွဲ့စည်းမည့် ပထမအကြိမ်ညီလာခံကို ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်း သူနာပြုတက္ကသိုလ် အစည်းအဝေးခန်းမဆောင်၌ ၁၉၉၃ ခုနှစ် ဒီဇင်ဘာလ ၂၉ ရက်နှင့် ၃၀ ရက်တို့တွင် ကျင်းပခဲ့သည်။ ညီလာခံ၏ ဒုတိယနေ့ ဖြစ်သော ဒီဇင်ဘာလ ၃၀ ရက်နေ့တွင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ကိုယ်တိုင် အဖွဲ့ဝင်များနှင့်အတူ တက်ရောက် ချီးမြှင့်ခဲ့ပါသည်။

မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ပထမအကြိမ်ညီလာခံက ဆုံးဖြတ်အတည်ပြုပေးခဲ့သော ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအတိုင်း လေးနှစ်လျှင် တစ်ကြိမ် ညီလာခံကျင်းပလျက်ရှိသည်။ ယင်းညီလာခံမတိုင်မီ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့များအလိုက် အမှုဆောင်အသစ်များ ရွေးချယ်တင်မြှောက်ခြင်း၊ ညီလာခံကိုယ်စားလှယ်များ ရွေးချယ်တင်မြှောက်ခြင်းတို့ကို ပြုလုပ်ကြပါသည်။ ဗဟိုကဦးစီးကျင်းပသော ညီလာခံတွင်လည်း အလားတူ ဗဟိုအမှုဆောင်များကို မဲဆန္ဒဖြင့် ရွေးချယ်ကြပါသည်။ ညီလာခံကျင်းပပြီး ကြားကာလ နှစ်နှစ်လျှင်တစ်ကြိမ် ဗဟိုဦးစီးအစည်းအဝေးကို မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်း ဗဟိုအလုပ်အမှုဆောင်ကော်မတီက ဦးစီးကျင်းပ၍ ညီလာခံက ချမှတ်ထားသော ရှေ့လုပ်ငန်းစဉ်များ အောင်မြင်စွာဆောင်ရွက်နိုင်ရေး ဆွေးနွေးညှိနှိုင်းခြင်း၊ နှစ်နှစ်အတွင်း ဆောင်ရွက်ချက်များကို ပြန်လည်သုံးသပ်ခြင်း စသည်တို့ကို ပြုလုပ်ကြသကဲ့သို့ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့များကလည်း အလားတူ အစဉ်အလာမပျက် ဆောင်ရွက်ခဲ့ကြပါသည်။

ယခုအခါ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့၏ ပဥ္စမအကြိမ် ညီလာခံကို မကြာမီတွင် အောင်မြင်စွာကျင်းပရန်အတွက် ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး၏ ကြီးကြပ်မှုနှင့် ပုံပိုးကူညီပေးမှုများကို ခံယူလျက် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့က လုပ်ငန်းကော်မတီများ ဖွဲ့စည်းကာ ပြင်ဆင်နေကြပြီဖြစ်ပါသည်။

တစ်နိုင်ငံလုံးရှိ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့များကလည်း မြို့နယ်အလိုက် စာပေနှင့်စာနယ်ဇင်းအဖွဲ့ ညီလာခံများကျင်းပကာ မြို့နယ်အလုပ်အမှုဆောင်အဖွဲ့အသစ်များနှင့် ညီလာခံကိုယ်စားလှယ်အသစ်များကို ရွေးချယ်တင်မြှောက်ပြီးစီးခဲ့ကြပြီဖြစ်ပါသည်။ ဗဟိုအဖွဲ့ကကျင်းပမည့် ညီလာခံကို တက်ရောက်ရန် အသင့်စောင့်ဆိုင်းနေကြပြီဖြစ်ပါသည်။

၂၀၀၈ ခုနှစ် ဇွန်လ ၂၈ ရက်က ရန်ကုန်မြို့ ကရဝိက်နန်းတော် ဒကွိဏခန်းမ၌ ကျင်းပခဲ့သော မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ စတုတ္ထညီလာခံ ဗဟိုဦးစီးအစည်းအဝေးတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက စာပေလောကသားများကို လက်ရှိနိုင်ငံတော်၏ ပကတိအခြေအနေနှင့် စာပေလောကသားများ လိုက်နာဆောင်ရွက်သင့်သည့် အခြေအနေများကို အောက်ပါအတိုင်း အကြံပြုပြောကြားခဲ့ပါသည်။

"ယခုအခါမှာ ပြည်သူတွေလိုလားတဲ့ ဒီမိုကရေစီဖော်ဆောင်ဖို့၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးရရှိဖို့၊ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်ထူထောင်ဖို့အတွက် အန္တရာယ်အကင်းဆုံးနဲ့ အနီးဆုံး၊ အဖြောင့်ဆုံးလမ်းကတော့ အခြေခံဥပဒေနဲ့အညီ ကျွန်တော်တို့တစ်တွေ ဆက်လက်ပြီး ဆောင်ရွက်ဖို့ပဲဖြစ်ပါတယ်။ ဒီလိုအခြေခံဥပဒေနဲ့အညီ ဆက်လက်ဆောင်ရွက်နိုင်ဖို့ဆိုရင် ယနေ့ ဥပဒေပြင်ပမှာရှိနေတဲ့ ပုဂ္ဂိုလ်တွေ၊ အဖွဲ့အစည်းတွေ ကိုယ်တိုင်လည်း ဥပဒေအတွင်းကို ဝင်ရောက်လာဖို့၊ ရှိလာဖို့ လိုအပ်ပါတယ်။ အဲဒီလိုရှိလာပြီးတဲ့အခါမှ အနာဂတ်အတွက် ပြင်ဆင်မှုတွေလုပ်ကြဖို့ လိုအပ်ပါတယ်။

"ရွေးကောက်ပွဲဥပဒေ၊ နိုင်ငံရေးပါတီဆိုင်ရာ ဥပဒေတွေပေါ်ပေါက်လာပြီးရင် အနာဂတ်ဒီမိုကရေစီနိုင်ငံတော် ထူထောင်နိုင်ဖို့အတွက် ပါတီတွေ ထူထောင်ခွင့်စသဖြင့် ရကြမှာဖြစ်ပါတယ်။ အဲဒီလမ်းကြောင်းသည်သာလျှင် ပြည်သူတွေလိုလားတဲ့ ဒီမိုကရေစီဖော်ဆောင်မှု၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုနဲ့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ပြီး အေးချမ်းသာယာတဲ့ နိုင်ငံတော် ထူထောင်ဖို့အတွက် အသင့်မြတ်ဆုံး၊ အကောင်းဆုံးလမ်းဖြစ်ပါတယ်။ ဒီအပေါ်မှာလည်း စာပေလောကသားများအနေနဲ့ သက်ဆိုင်ရာပုဂ္ဂိုလ်တွေ ကျယ်ကျယ်ပြန့်ပြန့်သိရှိအောင်၊ သဘောပေါက်နိုင်အောင် အမျိုးသား အကျိုးစီးပွားဘက်က ရပ်တည်ပြီးတော့ ဆက်လက်ကြိုးပမ်းဆောင်ရွက်ပေးကြရမှာ ဖြစ်တယ်ဆိုတာကို တိုက်တွန်းပြောကြားလိုပါတယ်။

"နိုဂုံးချုပ်အနေနဲ့ ပြောလိုတာကတော့ စာပေလောကသားများဟာ ဩဇာကြီးမားတဲ့ စာပေပိုင်ရှင်များ ဖြစ်ကြပါတယ်။ အဲဒီလို ဩဇာကြီးမားတဲ့ စာပေပိုင်ရှင်များပီပီ -

- **ပြည်သူကို မှန်ကန်တဲ့အသိပညာများ လက်ဆင့်ကမ်း ပေးဝေကြပါ။**
- **စာပေလောကနဲ့ လောကသားများအကျိုး ဆတက်ထမ်းပိုး ဆောင်ရွက်ပေးကြပါ။**
- **နိုင်ငံတော်ရဲ့ အမျိုးသားရေးတာဝန်၊ သမိုင်းပေးတာဝန်များကို အမျိုးသားရေးအသိနဲ့ ယှဉ်တွဲပြီး ကြိုးပမ်းထမ်းဆောင်ပေးကြပါ။**
- **တည်ဆောက်သူတို့ရဲ့ ဇွဲ၊ လံ့လ၊ ဝီရိယများကို အရင်းတည်ပြီး အနာဂတ် ဒီမိုကရေစီနိုင်ငံတော်အတွက် အုတ်တစ်ချပ်၊ သဲတစ်ပွင့်အဖြစ် ပူးပေါင်းဆောင်ရွက်ပေးကြပါ။**
- **မြန်မာနိုင်ငံ စာပေနှဲ့ စာနယ်ဇင်းအဖွဲ့ရဲ့ ညီလာခံအစည်းအဝေး အောင်မြင်အောင် အားလုံး ပူးပေါင်းဆောင်ရွက်ပေးကြပါလို့ တိုက်တွန်းရင်း နိုဂုံးချုပ်ပါတယ်"**ဟု မိန့်ကြားခဲ့ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက စာပေလောကသားများကို နိုင်ငံတော်အတွက်ဆောင်ရွက်ရန် မှန်ကန်သော နည်းလမ်း၊ နိုင်ငံတော်သစ်ကြီး ပေါ်ပေါက်ရေးအတွက် စာပေလောကသားများ စာပေလက်နက်ဖြင့် အုတ်တစ်ချပ် သဲတစ်ပွင့်ပမာ ပါဝင်ကြရမည့် အမှန်ကန်ဆုံးနည်းလမ်းများကို မီးမောင်းထိုး အကြံပြုခဲ့ပါသည်။

ယခုအခါ စတုတ္ထအကြိမ်ညီလာခံက စနစ်တကျ(ဒီမိုကရေစီနည်းလမ်းအရ) ရွေးချယ်တင်မြှောက်ခဲ့သော မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအလုပ်အမှုဆောင်များ၏ သက်တမ်းကုန်ဆုံးတော့မည်ဖြစ်၍ ပဥ္စမအကြိမ် ညီလာခံတွင် ဗဟိုအလုပ်အမှုဆောင်သစ်များ ရွေးချယ်တင်မြှောက်ကြကာ ရှေ့လုပ်ငန်းစဉ်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ကြရတော့မည်ဖြစ်ပါသည်။

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့တွင် စာရေးဆရာများ၊ သတင်းစာဆရာများ၊ မီဒီယာများ စသည့် စာပေလုပ်ငန်းနှင့် ဆက်နွယ်နေသော ထုတ်လုပ်သူများအလွှာ၊ ဖြန့်ချိသူများအလွှာနှင့် ပုံနှိပ်သူများအလွှာစသည့် အလွှာများပါ စည်းလုံးညီညွတ်စွာ စုစည်းထားပြီးဖြစ်ပါသည်။

မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ကြီး၏ ဆောင်ပုဒ်ဖြစ်သော **"အမျိုးဂုဏ်၊ ဇာတိဂုဏ်၊ စာပေဂုဏ်ကို မြှင့်တင်မည်"**ဆိုသည့်အတိုင်း စာပေလောကသားများအားလုံးတို့သည် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း အခန်း(၁)မှ (၁၄)ပါ ပြဋ္ဌာန်းချက်များအတိုင်း လိုက်နာကြပြီး ညီလာခံအောင်မြင်အောင် ပူးပေါင်းဆောင်ရွက်သွားကြရန်နှင့် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး၏ စတုတ္ထအကြိမ်ညီလာခံ ဗဟိုဦးစီးအစည်းအဝေးတွင် ပြောကြားခဲ့သော မိန့်ခွန်းပါ ပြည်သူများရွေးချယ်ရမည့် အသင့်မြတ်ဆုံးလမ်းကြောင်းအတိုင်း တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်စွာပါဝင်နိုင်ကြရန် စာပေလောကသားများက အုတ်တစ်ချပ် သဲတစ်ပွင့်ပမာ ကလောင်လက်နက်ဖြင့် ပညာပေးစည်းရုံးသွားကြပါဟု တိုက်တွန်းရင်း မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့၏ မကြာမီကျင်းပတော့မည့် ပဥ္စမအကြိမ်ညီလာခံကို ကြိုဆိုဂုဏ်ပြုရင်း တင်ပြလိုက်ရပါသည်။ ။

တရုတ် - အာဆီယံ လူငယ်တွေ့ဆုံပွဲတက်ရောက်ရန် မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင် အသင်းဝင်များ ထွက်ခွာ

ရန်ကုန် ဧပြီ ၂၁

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့၌ ဧပြီ ၂၁ ရက်မှ ၂၈ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံလုံးဆိုင်ရာ လူငယ်အဖွဲ့ချုပ် (All China Youth Federation) က ကြီးမှူးကျင်းပမည့် 2010 China- ASEAN Youth Camp အစီအစဉ်သို့ တက်ရောက်ရန် မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်းမှ အသင်းဝင် ဒေါ်ဝင်းအိခိုင်နှင့် ဒေါ်မိကြည်ကြည်ဟန်တို့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြရာ မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များ အသင်းမှ အမှုဆောင်များဖြစ်ကြသည့် ဒေါ်ခင်သက်မော်၊ ဒေါ်သင်းသင်းဆက်နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

2010 China-ASEAN Youth Camp အစီအစဉ်သို့ တက်ရောက်ရန် မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်းမှ ဒေါ်ဝင်းအိခိုင်နှင့် ဒေါ်မိကြည်ကြည်ဟန်တို့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် တွေ့ရစဉ်။ (သတင်းစဉ်)

မတ် ၄ ရက်က မန္တလေးတိုင်း အောင်မြေသာစံမြို့နယ် သမဝါယမတူးသန်းရောင်းဝယ်ရေးကျောင်း၌ သဘာဝသစ်သီးဖျော်ရည်နှင့် သစ်သီးယိုမျိုးစုံထုတ်လုပ်နည်းပညာ သင်တန်းဖွင့်ပွဲတွင် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန အထက်မြန်မာပြည် (မန္တလေးရုံးခွဲ) ညွှန်ကြားရေးမှူးဦးဌေးလွင် အဖွင့်အမှာစကား ပြောကြားစဉ်။ (၃၈၇)

ညနေပိုင်း ထမင်း၊ ဟင်းချက်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအား ထမင်း/ဟင်းချက်ပြုတ်ခြင်း မပြုစေရန်။

(ခ) မီးဖိုအားသုံးစွဲပြီးပါက မီးကြွင်းမီးကျန်များ ငြိမ်းသတ်ထားရန်။

(ဂ) မီးသည် သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင် ရန်သူဖြစ်၍ ပေါ့ဆမှုမဖြစ်စေဘဲ အထူးသတိပြုသုံးစွဲရန်။

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၂-၄-၂၀၁၀ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ တရားတော်
၇း၁၀ ၃။ ဓမ္မပူဇာတေး
၇း၂၀ ၄။ မျိုးချစ်တပ်မတော်
၇း၂၅ ၅။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
၇း၃၀ ၆။ မြန်မာသံစဉ်ချိနားဝင်
၇း၄၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၃၀ ၃။ မျိုးချစ်တပ်မတော်
၄း၄၀ ၄။ အမျိုးသားရေးတေးကဗျာ
၄း၄၅ ၅။ မြတ်နိုးကြစေအမျိုးသားအမွေ
၄း၅၀ ၆။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
၅း၀၀ ၇။ မွေးမြူသုတ
၅း၂၀ ၈။ သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၅ ၁၀။ အမျိုးသားရေးတေးကဗျာ
၆း၂၀ ၁၁။ လျှပ်တစ်ပြက်ရိုက်ချက်
၆း၃၀ ၁၂။ ထူးဆန်းထွေလာမျက်လှည့်ပညာ
၆း၄၀ ၁၃။ ကာတွန်းအစီအစဉ် - စွန့်စားသူတို့ပျော်စံရာ (အပိုင်း-၆)
၇း၀၀ ၁၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ရင်နှစ်သည်းချာ (အပိုင်း-၂၀)**
၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ နိုင်ငံတကာသတင်း
၁၇။ မိုးလေဝသသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ ကုန်သွယ်သုတ
၂၀။ အနုပညာရှင်၏တစ်နေ့တာ
၂၁။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ခေတ်တစ်ခေတ်ရဲ့သူရဲကောင်း (အပိုင်း-၃၉)**
၂၃။ သင့်အတွက်မနက်ဖြန်
၂၄။ အပိတ်နှုတ်ဆက်စကား
၂၅။ ပြီးပါပြီ။

တောင်ကြီးမြို့ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ပိတ်ပွဲနှင့် သက်ကြီးပူဇော်ပွဲများသို့ တိုင်းမှူး ပိုလ်ချုပ်ရာပြည့်တက်ရောက်

နေပြည်တော် ဧပြီ ၂၁

တောင်ကြီးမြို့ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ပိတ်ပွဲအခမ်းအနားကို ဧပြီ ၁၆ ရက်တွင် တောင်ကြီးမြို့ မဟာသင်္ကြန်ပွဲတော် ဗဟိုမဏ္ဍပ်၌ ကျင်းပရာ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ပိုလ်ချုပ်ရာပြည့်၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ သင်္ကြန်ယိမ်းအကအဖွဲ့များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အစီအစဉ်အရ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ဆုရရှိကြသူများအား ဆုများကို အသီးသီးပေးအပ်ချီးမြှင့်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် တိုင်းမှူးသည် ညပိုင်းတွင် တောင်ကြီးရေကစားမဏ္ဍပ်ရှိ တေးသံရှင်များ၏ ဖျော်ဖြေတင်ဆက်မှုများအား ကြည့်ရှုအားပေးပြီး တောင်ကြီးမြို့ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်အား ပိတ်သိမ်းလိုက်သည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ဧပြီ ၁၇ ရက် နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် ဓမ္မာရုံ၌ကျင်းပသည့် သက်ကြီးပူဇော်ကန်တော့ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

အစီအစဉ်အရ ကန်တော့ခံ အဘိုးအဘွားများအား လှူဖွယ်ပစ္စည်းများဖြင့် ပူဇော်ကန်တော့ကြပြီး အဘိုးအဘွားများ ကိုယ်စား အဘိုးဦးအေးမောင်က ကျေးဇူးတင်စကားပြောကြားကာ အခမ်းအနားကိုရုပ်သိမ်းလိုက်ပြီး အဘိုးအဘွားများအား စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံကျွေးမွေးသည်။

ဆက်လက်၍ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် မွန်းလွဲပိုင်းတွင် မြို့တော်ခန်းမ၌ ကျင်းပသည့် တေရသမ အကြိမ်မြောက် သက်ကြီးပူဇော်ပွဲအခမ်းအနားသို့ တက်ရောက်ကြပြီး ကန်တော့ခံအဘိုးအဘွားများအား လှူဖွယ်ပစ္စည်းများဖြင့် ပူဇော်ကန်တော့ကြကာ အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

ထို့နောက် တိုင်းမှူးသည် မြကန်သာကန်၌ ကျင်းပသည့် ဇီဝိတဒါန စုပေါင်းငါးလွှတ်ပွဲသို့ တက်ရောက်သည်။ အစီအစဉ်အရ တိုင်းမှူးနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ငါးများကို ဇီဝိတဒါနဘေးမဲ့လွှတ်ပေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ပိုလ်ချုပ်ခင်မောင်မြင့် ဧရာဝတီတိုင်း ပုသိမ်-သလပ်ခွာ-မော်တင်စွန်းကားလမ်း ကတ္တရာလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (ဆောက်လုပ်ရေး)

ပေးအပ်လှူဒါန်း

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် တေးနုယဉ်လမ်းနေ ကွယ်လွန်သူ ကျေးဇူးရှင်မိခင်ကြီး ဒေါ်ရီရီမာ (ပန်းသာရုပ်ရှင်)အား ရည်စူး၍ ကျန်ရစ်သူမိသားစုက ဆွမ်းပဒေသာပင်နှင့် ဆေးပဒေသာပင်အတွက် ငွေကျပ် နှစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဒုတိယပိုလ်မှူးကြီးကျော်ရှိန်(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ရောဝတီတိုင်း ပုသိမ်-သလပ်ခွာ-မော်တင်စွန်း ကားလမ်းတည်ဆောက်ခြင်းလုပ်ငန်းများ ဝန်ကြီး ပိုလ်ချုပ်ခင်မောင်မြင့် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၂၁

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ပိုလ်ချုပ်ခင်မောင်မြင့်သည် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဧပြီ ၁၉ ရက် နံနက် ၇ နာရီခွဲတွင် ရန်ကုန်မြို့မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာပြီး ပုသိမ်မြို့မှတစ်ဆင့် ပုသိမ်- သလပ်ခွာ-မော်တင်စွန်း ကားလမ်း ချောင်းသာလမ်းဆုံ-စိန်တောင်-မော်တင်စွန်းလမ်း ၉၆ မိုင်ကို လမ်းလုပ်ငန်းဆောင်ရွက်သည့် ကုမ္ပဏီ ၁၅ ဖွဲ့၊ တံတားတည်ဆောက်ရေးကုမ္ပဏီ နှစ်ဖွဲ့၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ လမ်းလုပ်ငန်းအဖွဲ့ ၂၁ ဖွဲ့နှင့် တံတားတည်ဆောက်ရေးအဖွဲ့ ခြောက်ဖွဲ့တို့ဖြင့် ကတ္တရာလမ်းအဆင့်မြှင့်တင်ခြင်း၊ တံတားများတည်ဆောက်ခြင်းနှင့် ကွန်ကရစ်ရေပြွန်များ ဆောင်ရွက်တည်ဆောက်ခြင်းလုပ်ငန်းများကို ကားလမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် ပုသိမ်-သလပ်ခွာ-မော်တင်စွန်းလမ်း အပိုင်း မိုင်တိုင်အမှတ်(၁၇/၄)နှင့်(၁၇/၅)အကြား၌ Myanmar Iwatani LPG Trading Co., Ltd. က ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး ကတ္တရာခင်းရာ၌ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရန်၊ ကျောက်ဖြည့်ထည့်ရာတွင် သတ်မှတ်ကျောက်အမျိုးအစားနှင့် ဒုအထူရရှိအောင်ခင်းရန်နှင့် လမ်းလုပ်ငန်း ဆိုင်ရာကိစ္စများကို မှာကြားခဲ့သည်။

ဆက်လက်၍ ပုသိမ်-သလပ်ခွာ-မော်တင်စွန်းလမ်းအပိုင်းတွင် Pack Link ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်နေသော လမ်းအပိုင်း၏ မိုင်တိုင်အမှတ် (၁၈/၄)နှင့် (၁၈/၅)အကြား၌ အင်အားဖြည့်ဆောင်ရွက်လျက်ရှိသော ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း မအူပင်ခရိုင်အဖွဲ့က ကတ္တရာဖျန်းစက်ဖြင့် ကတ္တရာခင်းနေမှု အခြေအနေ၊ သပြုချောင်းတံတား တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေ၊ မိုင်တိုင်အမှတ် (၁၈/၄)မှ (၂၄/၄)အထိ Pack Link Co., Ltd. က ကတ္တရာခင်းခြင်းလုပ်ငန်း၊ ကျောက်ခင်းခြင်းလုပ်ငန်း၊ တံတားများတည်ဆောက်နေမှုနှင့် ကွန်ကရစ်ရေထုတ်ပြွန်များ တည်ဆောက်နေမှု အခြေအနေတို့ကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးပြီး ကွင်းချောင်းတံတား တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိကာ တံတားတည်ဆောက်ရေးလုပ်ငန်း ပြီးစီးမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

စစ်ဆေးခဲ့

ယင်းနောက် ဝန်ကြီးသည် ပုသိမ်-သလပ်ခွာ-မော်တင်စွန်းကားလမ်းအပိုင်း မိုင်တိုင်အမှတ် (၅၄/၄)မှ (၆၀/၄)အထိ နိုင်ဂရုကုမ္ပဏီက တာဝန်ယူဆောင်ရွက်နေသော လမ်း၊ တံတားများ ဆောင်ရွက်နေမှု အခြေအနေ၊ လမ်းပိုင်းအတွင်း ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက အင်အားဖြည့် ဆောင်ရွက်လျက်ရှိသော မန္တလေးခရိုင်အဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေတို့ကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးပြီး ညနေပိုင်းတွင် မိုင်တိုင်အမှတ် (၇၂/၄)နှင့် (၇၈/၄)အကြား၌ Y.T. E ကုမ္ပဏီက စက်ယန္တရားများဖြင့် လုပ်ငန်းဆောင်ရွက်နေမှု များကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သီပေါမြို့နယ် စံလောင်းကျေးရွာ ပညာ့အလင်းစာကြည့်တိုက်ဖွင့်

သီပေါ ဧပြီ ၂၁

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် စံလောင်းကျေးရွာ ပညာ့အလင်းစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို မတ် ၁၇ ရက်က အဆိုပါစာကြည့်တိုက်၌ ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးစိုင်းထွန်းသိန်း၊ ကျေးရွာဥက္ကဋ္ဌ ဦးရဲမြင့်နှင့် စာကြည့်တိုက်ကော်မတီဝင် ဦးလောအိုက်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(ယာပုံ)**

ဆက်လက်၍ စာအုပ်စာစောင်များနှင့် အလှူငွေပေးအပ်ပွဲကျင်းပရာ ကျေးရွာဥက္ကဋ္ဌက အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးစိုင်းထွန်းသိန်းက စာကြည့်တိုက်အဆောက်အအုံသစ် ဖွင့်လှစ်ရခြင်း၏ ရည်မှန်းချက်၊ စာကြည့်တိုက်များ ရေရှည်ခိုင်မာရေးလုပ်ငန်းစဉ်(၅)ရပ်နှင့် စပ်လျဉ်း၍လည်းကောင်း၊ ဓာတ်ပုံကျွမ်းကျင် (၂) ဦးနေစိုးဟန်က စာဖတ်ရှိန်မြှင့်တင်ရေးနှင့် စာဖတ်ခြင်း၏ အကျိုးကျေးဇူးကို လည်းကောင်း ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် မြို့နယ်ပြန်/ ဆက်ဦးစီးမှူး (ငြိမ်း)ဦးစိုင်းသာလှိုင်က လျှပ်တစ်ပြက် ဂျာနယ်အစောင်၅၀ နှင့် သုတရသစာအုပ် ၁၀၀၊ မြို့နယ်သစ်တောဦးစီးမှူး ဦးစိုးသန့်ကြည်က စာအုပ်၊ မဂ္ဂဇင်း၊ ဂျာနယ် ၁၀၀၊ မြို့နယ်ပညာရေးမှူး(ငြိမ်း) ဒေါ်ကျင်ရီက မြတ်မင်္ဂလာစာအုပ် ၁၀၀၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ဖြိုးကျော်က ပြည်သာယာမဂ္ဂဇင်း အုပ် ၁၀၀၊ ရန်ကုန်မြို့နေ ဦးခင်ကြည်-ဒေါ်ကျင်မြ မိသားစုတို့က စာအုပ်ဗီရိုတစ်လုံးအတွက် အလှူငွေကျပ် သုံးသောင်းတို့ကို ပေးအပ်လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌနှင့် စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးရဲမြင့်က လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆောက်အအုံသစ်ဖြစ်

အဆိုပါစာကြည့်တိုက်ကို နိုင်ငံတော်မတည်ငွေကျပ် ၁၀ သိန်းနှင့် ကျေးရွာပြည်သူလူထု ပါဝင်လှူဒါန်းငွေ ကျပ် ၂၁ သိန်း ခုနစ်သောင်း စုစုပေါင်းငွေကျပ် ၃၁ သိန်း ခုနစ်သောင်းဖြင့် ဆောက်လုပ်ခဲ့သည့် အလျားပေ ၄၀၊ အနံပေ ၃၀၊ အမြင့် ၂၅ ပေ သွပ်မိုးအုတ်ကာ၊ သမံတလင်းခင်း အဆောက်အအုံသစ်ဖြစ်ကြောင်း သိရသည်။

(၂၄၇)

ခြင်ဆေးမီးပွား သတိမထားက စီးပွား၊ ဥစ္စာ ကုန်လိမ့်မည်

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၂-၄-၂၀၁၀
(ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ အဂ္ဂဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈း၀၀ ၆။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၈း၁၀ ၇။ အကပဒေသာ
၈း၂၀ ၈။ အကပြိုင်ပွဲ
၈း၃၀ ၉။ တေးဂီတအစီအစဉ်
၈း၄၀ ၁၀။ International News
၈း၄၅ ၁၁။ "စက်မှုဇုန်မှာ ကျွန်မစက်ရုံလာတည်တော့မယ်"
၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၄း၂၀ ၃။ တေးဂီတအစီအစဉ်
၄း၃၀ ၄။ အတီးပြိုင်ပွဲ
၄း၄၀ ၅။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
၄း၅၀ ၆။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ် (မြန်မာမှုပညာ အထူးပြု) (မြန်မာမှုပညာ)
၅း၀၅ ၇။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅း၁၅ ၈။ မံဆောင်းတံတား(ချင်းပြည်နယ်)
၅း၃၀ ၉။ မူဟန်သွယ်သွယ်ဆိုကြမယ်
၅း၄၅ ၁၀။ "ဝက်သက်ရောဂါကာကွယ်ပါ"
၆း၀၀ ၁၁။ ညနေခင်းသတင်း
၆း၁၅ ၁၂။ မိုးလေဝသအခြေအနေ
၆း၂၀ ၁၃။ **ပျော်ရွှင်စေသောနေ့ရက်များ "ချစ်သူကော်ဖီ"(အပိုင်း-၃) (သူရလင်း၊ မေတ္တာ၊ နန်းဆုရတီစိုး၊ ယုဇနဗိုလ်မြင့်၊ စုပုံချစ်) (ဒါရိုက်တာ-အောင်ကျော်သူရ)**
၆း၄၀ ၁၄။ ထူးဆန်းထွေလာများကို သိပ္ပံဖြင့်ချဉ်းကပ်ခြင်း
၇း၀၀ ၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ "နှောင်ဖွဲ့မေတ္တာ" (အပိုင်း-၂၇)**
၈း၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "နှင်းဆီရောင်ဘဝ" (အပိုင်း-၈)**
၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်တေးသံသာ" (အပိုင်း-၃၆)**
၂၁။ အစီအစဉ်ပြီး၏။

❖ **ကျောဖုံးမှ**

ညီညာအောင်ဖြူး၍ ထည့်ရမှာ ဖြစ်ပါတယ်။ ပြီးတော့ ရေပန်းကရားနဲ့ ရေရွဲအောင်လောင်းပြီး တစ်ရက် ထားရပါမယ်။ အခုပြင်ဆင်ထားတဲ့ ပေ ၈၀ × ၃ ပေ ဘောင် တစ်ဘောင်ဟာ စပါးမျိုးစေ့တစ်တင်းပျိုးထောင်နိုင်တဲ့ အရွယ်အစားဖြစ်ပါတယ်။ ရေလောင်းပြီး တစ်ရက်သိပ်ထားတဲ့ မြေဘောင်အတွင်း "စပါးစပ်ဖြူ" သဏ္ဌာန်အညှောင့်ဖောက်ထားတဲ့ မျိုးစပါးကို ညင်သာညီညာစွာ ဖြန့်ထည့်ရမှာ ဖြစ်ပါတယ်။ အဲဒီအပေါ်ကို စက်ဖွဲပြာ လက်မဝက်ခန့် ဖုံးအုပ်ပေးပြီးတာနဲ့ ရေပန်းကရားနဲ့ တစ်နေ့ကို နံနက်တစ်ကြိမ်၊ ညတစ်ကြိမ် ၁၄ ရက်တိတိ ရေဖျန်းပြုစုပေးရမှာဖြစ်ပါတယ်။ အခုရှင်းပြတာကတော့ DAPOG နည်းနဲ့ ပျိုးထောင်ပုံ အဆင့်ဆင့် ဖြစ်ပါတယ်။ ၁၅ ရက်ပြည့်တဲ့နေ့မှာ ပျိုးပင်အရွယ်က လေးလက်မခန့်ရှိနေပြီး စိုက်ပျိုးရန် အသင့်ပြင်ဆင်ထားတဲ့ လယ်ကွင်းဆီကို ပျိုးပင်ကို အတွင်းမှာထားပြီး ဖျာလိပ်သလို လိပ်ယူပြီး ပေါ့ပေါ့ပါးပါး သယ်ယူသွားလို့ရပါတယ်။

ဒါ့ကြောင့် ယခုလို DAPOG နည်းနဲ့ ပျိုးထောင်နည်းကို ခေတ်သစ်ပျိုးထောင်နည်းဟု ခေါ်ပါတယ်"ဟု ရှင်းပြသည်။ ဦးသန်းစိန် ပြောပြသကဲ့သို့ ခေတ်သစ်ပျိုးထောင်နည်းနှင့် ပျိုးထောင်သည့်အတွက် တောင်သူဦးကြီးတို့ ရရှိနိုင်သော အကျိုးများကို မေးမြန်းကြည့်ရာ "DAPOG နည်းနဲ့ ပျိုးထောင်ရင် ရရှိလာနိုင်တဲ့ အကျိုးတွေကတော့ ပျိုးခင်းမြေကို ပြင်စရာမလိုတဲ့အတွက် ထွန်ယက်ခစရိတ်သက်သာမှု၊ သဘာဝမြေဩဇာသုံးစွဲရမှု၊ အကုန်အကျ သက်သာမှု၊ ပျိုးနုတ်ခစရိတ်သက်သာမှု၊ ရေပေးသွင်းစရိတ်သက်သာမှု၊ သယ်ယူရွှေ့ပြောင်းစရိတ်သက်သာမှု၊ လယ်ကွင်းမှာ ပျိုးထောင်ခြင်းမဟုတ်တဲ့ အတွက် တိရစ္ဆာန်ဖျက်ဆီးမှုသက်သာမှု၊ ပျိုးခင်းဆီ သွားလာစောင့်ရှောက်ရတဲ့ အချိန်သက်သာမှု စတဲ့ အကျိုးလည်းရှိသက်သာတဲ့အပိုင်းတွေ ဖြစ်ပါတယ်။ အပင်ပိုင်းဆိုင်ရာ တိုက်ရိုက်ရှိမှု အပိုင်းကတော့ ပျိုးမနုတ်ရတဲ့အတွက် ကောက်ပင် အနာသက်သာစေမှု၊ ပျိုးပင်မနာတဲ့အတွက် ကောက်ပင်ရှင်သန်ကြီးထွားမှုကို မြန်ဆန်စေမှု၊ ပျိုးသက်နုနုမှာ ရွှေ့ပြောင်းစိုက်ပျိုးနိုင်တဲ့အတွက် ပင်ပွားအားကိုကောင်းစေမှု၊ ပင်ပွားအားကောင်းတဲ့အတွက် စပါးအထွက်နှုန်းကို တိုးတက်စေမှုတို့ ဖြစ်ပါတယ်"ဟု အသေးစိတ်ရှင်းလင်း ပြောပြပါသည်။

ရေစကြိမြို့နယ်တွင် ရက် ၆၀စပါးမျိုး၊ ရက် ၉၀ စပါးမျိုး စိုက်ပျိုးနေသည်မှာ အံ့ဩစရာပင်ဖြစ်သည်။

ရေစကြိမြို့ မြန်မာ့စိုက်ပျိုးရေး လုပ်ငန်း မြို့နယ်မန်နေဂျာ ဦးသန်းစိန် ရှင်းပြစဉ်။

အမှန်တကယ်တွင် စပါးစစိုက်သည့် အချိန်မှ ရိတ်သိမ်းချိန်အထိ လေးလခန့်ကြာပေသည်။ ယခု ဤမြို့နယ်တွင် ရက်၆၀ နှင့် စပါးရိတ်၊ ရက်၉၀နှင့်စပါးရိတ်နိုင်ရာ ထိုစပါးမျိုးကို မည်သို့ရသည်ကို မေးမြန်းကြည့်ရာ "ဒီရက် ၆၀၊ ရက် ၉၀ စပါးမျိုးကို မကွေးတိုင်း၊ ပွင့်ဖြူမြို့ စိုက်ပျိုးရေး မျိုးသန့်ခြံက ရရှိတာဖြစ်ပါတယ်။ မျိုးစပါးတစ်တင်း တန်ဖိုးက ကျပ်ငါးထောင် ဖြစ်ပါတယ်။ ယခုနှစ် ရေစကြိမြို့နယ်အနေနဲ့ နွေစပါး စိုက်ပျိုးရန် လျာထားဧကနဲ့ ရက် ၆၀၊ ရက် ၉၀ စပါး ဘယ်နှဧက စိုက်မှာပါလဲခင်ဗျား။ ကျွန်တော်တို့ မြို့နယ်မှာ ယခုနှစ် နွေစပါးစိုက်ပျိုးရန် လျာထားဧကကတော့ ၅၁၃၇ ဧက ဖြစ်ပါတယ်။ စိုက်မယ့် စပါးမျိုးကွဲတွေကတော့ သီးထပ်ရင်၊ ရွှေမြန်မာ၊ ဖိလစ်ပိုင်မျိုးတွေဖြစ်ပြီး အဲဒီအထဲကမှ ဝွေးချိ ဆည်ရေသောက် ဧရိယာမှာ ပခန်းရွှေဝါ စပါးမျိုးက ၂၁ ဧက၊ ရွှေချောင်းလျှပ်စစ်ရေသောက်ဧရိယာမှာ ရက် ၉၀ စပါးမျိုးကငါးဧက၊ ချစ်သူလျှပ်စစ် ရေသောက် ဧရိယာမှာ ရက် ၆၀ စပါးမျိုးက တစ်ဧက ပါဝင်ပါတယ်။ ရေစကြိမြို့နယ် အတွင်းမှာ ရက် ၆၀၊ ရက် ၉၀ စပါးမျိုးကို ဒီနှစ်မှာပထမဆုံးစမ်းသပ် စိုက်ပျိုးတာပါ။ တောင်သူဦးကြီးတွေကို အကျိုးများစေချင်တဲ့ စေတနာနဲ့ ကျွန်တော်တို့ မြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းက ကြိုးပမ်းကြည့်တာပါ။

နွေစပါးစိုက်ပျိုးတယ်ဆိုတာ ရေသေချာတဲ့ နေရာဒေသများမှာ စိုက်ပျိုးတာဖြစ်တဲ့အတွက် သုတေသနပြုပြီး အထွက်ကောင်း မျိုးသန့်စပါးမျိုးများကို သာ ရွေးချယ်ပြီး "မြေမှန်၊ မျိုးမှန်၊ စိုက်နည်းမှန်၊ ရာသီမှန်အောင်စိုက်" ဆိုတဲ့ ဆောင်ပုဒ်အတိုင်း စိုက်ပျိုးမယ်ဆိုရင် နွေစပါးစိုက်ဧကတိုင်း ပန်းတိုင်အထွက်နှုန်း တင်း ၁၀၀ ကျော် ထွက်ရမည်ဆိုတဲ့ မကွေးတိုင်းရဲ့ နွေစပါးစိုက်ပျိုးရေး ရည်မှန်းချက်ပန်းတိုင်နဲ့အညီ ထွက်ရှိမှာဖြစ်ပါတယ်။

ပန်းတိုင်အထွက်နှုန်းရရှိအောင် စိုက်ပျိုးပုံအဆင့်ဆင့်၊ ပြုစုပုံအသွယ်သွယ်၊ ရောဂါကာကွယ်ပုံ အမျိုးမျိုးတို့ကိုလည်း တောင်သူဦးကြီးတို့ သိရှိနိုင်စေရန် စူးစမ်းမေးမြန်းကြည့်ရာ "ပန်းတိုင်အထွက်နှုန်းရရှိအောင် စိုက်ပျိုးပုံအဆင့်ဆင့်ကတော့ လယ်မြေကို ပြုပြင်ရာမှာ တမန်းညက်ဖို့ထွန်ယက်ရမယ်။ တမန်းညီအောင်ညှိရမယ်။ တမန်းကို အပုပ်ခံပြီး တမန်းအိပ်အောင် ပြင်ဆင်ရမယ်။ ပေါင်းမြက်ကင်းစင်ဖို့ လိုအပ်ပါတယ်။ ဓာတ်မြေဩဇာနဲ့ သဘာဝမြေဩဇာကို သုတေသနဌာနက အကြံပြုထောက်ခံတိုက်တွန်းတဲ့အတိုင်း တိတိကျကျ လိုက်နာဆောင်ရွက်ဖို့လိုပါတယ်။ မိမိရဲ့စိုက်ခင်းကို မပြတ် ဂရုစိုက်ကြည့်ရှုပြီး ပိုးမွားရောဂါကို အချိန်မီကာကွယ်ဖို့လိုပါတယ်။ စိုက်ပျိုးတဲ့အခါ ကြိုးဆွဲစနစ်နဲ့ တန်းကြား ကိုးလက်မပင်ကြား၊ လေးလက်မနှင့် တစ်ဧကမှာ ကောက်ပင်ရေ ၁၇၂၄၂၀ ပင်ဝင်ဆံ့အောင်လည်း စိုက်ပျိုးဖို့လိုပါတယ်။ ပြီးတော့ ရေသွင်း၊ ရေထုတ်မှန်ကန်ဖို့လိုပါတယ်။ တမန်းနှိုး ပေါင်းနုတ်ခြင်းကို အမြဲမပြတ် ဂရုစိုက်ဖို့လိုပါတယ်။ ဓာတ်မြေဩဇာကို အချိန်နဲ့ တစ်ပြေးညီ သတ်မှတ်အချိုးအစားအတိုင်း အပြည့်အဝ သုံးစွဲရမှာဖြစ်ပါတယ်။

စပါးတစ်ဧက တင်း ၁၀၀ ပန်းတိုင်အထွက်နှုန်းထွက်ရှိရေး နောက်ထပ်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကတော့ "လယ်ကွင်းအတွင်းသဘာဝမြေဩဇာနဲ့ ဓာတ်မြေဩဇာ မဖြစ်မနေထည့်ရန်၊ မျိုးအလိုက် သတ်မှတ်ကောက်ကွက်ပြည့်မီစေရန်၊ ကောက်စိုက်စဉ် ကာလမှာပင် ကြီးကြပ်သွားရန်နှင့် ကောက်ကွက်တိုင်းခြင်းကို မဖြစ်မနေဆောင်ရွက်ရန်၊ စိုက်ပျိုးပြီး စိုက်ခင်းများ ၇ ရက်၊ ၁၀ ရက်အတွင်း ကောက်ပင်ဖာခြင်းပြုလုပ်ရန်၊ အပင်ပွားစည်းချိန်ကာလတွင် အမြင့်ဆုံးပင်ပွားရရှိအောင် ယူရီးယား ၂၈ ပေါင်ကို နွားချေးမြေဆွေးများဖြင့် ၁း၃ ရောစပ်၊ တစ်ညအိပ်ထားပြီး ကြပက်ရန်၊ ပေါင်းမြက်ရှင်းခြင်းနှင့် တမန်းနှိုးခြင်းကို တစ်ပြိုင်နက် အချိန်ကိုက်ဆောင်ရွက်ရန်၊ မှိမကပ်မီ တစ်ပတ်အလိုနှင့် ပန်းမြိုင်မြိုင်ပွင့်ချိန်တွင် ပုလဲဓာတ်မြေဩဇာနှင့်သဘာဝမြေဩဇာကို ၁း၃ ရောစပ်သုံးစွဲရန်၊ စိုက်ခင်း၏ ရေနေ၊ ရေထိုင်နှင့် ပိုးမွားရောဂါကျရောက်မှုကို မျက်ခြည်မပြတ်ကြည့်ရှုရန်၊ ပိုးမွားရောဂါ ကျရောက်ပါက ချက်ချင်း ကာကွယ်နှိမ်နင်းရန် ဖြစ်ပါတယ်။

ယခု ကျွန်တော်ပြောပြတဲ့ အချက်အလက်တွေကိုသာ တောင်သူတွေ စနစ်တကျဆောင်ရွက်၊ တိတိကျကျ လိုက်နာပြီး စိုက်ပျိုးကြမယ်ဆိုရင် ဆရာမေးတဲ့ ပန်းတိုင်အထွက်နှုန်းဆိုတာ ပြေးမလွတ်နိုင်ပါဘူးဗျာ"ဟု စိတ်ရှည်လက်ရှည် အသေးစိတ်ရှင်းပြသည်များကိုလည်း လေ့လာမှတ်သားခဲ့ရပါသည်။

DAPOG နည်းဖြင့် ပျိုးထောင်ပြီး ပျိုးပင်အမြင့် တိုင်းတာမှတ်တမ်း ရယူကြစဉ်။



မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ တွင်းတာဝန်ခံ ဒု-လက်ထောက်ကြီးကြပ်ရေးမှူး ဒေါ်ကေသွယ်မြင့် ရှင်းပြစဉ်။

ထို့နောက် ရွှေချောင်းလျှပ်စစ်ရေတင်၊ ရေသောက်ဧရိယာအတွင်း စိုက်ပျိုးထားသည့် ရက် ၉၀ စပါးမျိုးဖြစ်ထွန်းရှင်သန်နေမှုကို မှတ်တမ်း ဓာတ်ပုံရိုက်ရန် စိုက်ကွင်းသို့သွားခဲ့ရာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဒု-လက်ထောက်ကြီးကြပ်ရေးမှူး ဒေါ်ကေသွယ်မြင့်က လိုက်လံပြသပေးသည်။

မြင်တွေ့ခဲ့ရသည့် ရက် ၉၀ စပါးကို စိုက်ရက်ဘယ်လောက်ရသွားပြီ။ မည်သည့်လတွင် ရိတ်သိမ်း၍ ရက် ၉၀ စပါးမျိုး၏ အရည်အချင်း လက္ခဏာများကို မေးမြန်းကြည့်ရာ"ယခုမြင်နေရတဲ့ ရက် ၉၀ စပါးရဲ့ စိုက်ပျိုးကာလ ၄၅ ရက်ရှိ ပါပြီ။ စပါးပင်အမြင့် ၁၈ ပေ ရောက်နေပါပြီ။ ဒီစပါးရဲ့ အသက်ရက်က ၉၅ ရက်ပါ။ အပင်အမြင့်က ၃ ပေ ၁၀ လက်မ၊ အရွက်အရေအတွက်က ခြောက်ရွက်၊ စပါးနှံအရှည်က ၁၀ လက်မ၊ အနှံပင်ပွား ၁၀/၁၂ ပင်၊ တစ်နှံပါ သီးလုံး(စပါးစေ့) ၁၀၄ စေ့၊ အောင်စေ့ရာခိုင်နှုန်း ၉၄ စေ့၊ အစေ့ ၁၀၀၀ အလေးချိန် ၂ ဒသမ ၆ ဂရမ်၊ ဆန် ရည်ဆန်သား-ကြည်လင်-စားသုံးမှု အဆင့်(ကောင်း) တစ်ဧကအထွက်တင်း ၈၀-၁၀၀ ဖြစ်ပါတယ်"ဟု အသေးစိတ်ရှင်းပြပါသည်။ ထို့နောက် စိုက်ကွင်းအတွင်း လျာထားဧက ၃၅၀ အပြည့်အဝ စိုက်ပျိုးထားရှိမှုကို စိမ်းဝါရောင်တစ်ကွက်၊ အစိမ်းရောင်တစ်ကွက်၊ အစိမ်းရင့်ရောင်တစ်ကွက်ဖြင့် ပန်းချီဆရာ စုတ်ချက်စမ်းထားသလို အရောင်အနုအရင့် မညီမညာ နွေစပါးစိုက်ခင်း လွင်ပြင်ကြီး၏ ရွှေချောင်းလျှပ်စစ်ရေတင်မှ PH. ၆/၇ကြား ရေချိုများသောက်သုံး၍ အလှတိုးနေသည်မှာ အားရဖွယ်ရာ အလွန်ကောင်းလှပါသည်။

တစ်နှစ်ကို တစ်သီးစား၊ နှစ်သီးစားမှ သုံးသီးစားထိ စိုက်ပျိုးကြသော လယ်မြေများတွင် ရက် ၆၀၊ ရက် ၉၀၊ စပါးမျိုးအစားထိုးစိုက်ပျိုးကြခြင်းဖြင့် စိုက်ပျိုးမြေကို ခေတ္တအနားပေးရာ ရောက်နိုင်သည့် အကျိုးကြောင့် မြေဆီဩဇာ ဆုံးရှုံးမှု လျော့နည်းမှုကိုလည်း အကျိုးပြုနိုင်ပါသည်။ အခြားတစ်ဖက်တွင်လည်း ဖေဖော်ဝါရီလ ပထမပတ်မှာ စိုက်သော ရက် ၉၀ စပါးသည် မေ ဒုတိယပတ်တွင် ရိတ်သိမ်းမည်ဖြစ်ရာ မိုးစပါးမစိုက်ပျိုးခင်ကြားကာလ မြေအနားမပေးလိုသူများအနေဖြင့် အခြား သက်နုရာသီ သီးနှံပင် စိုက်ပျိုး၍ ရနိုင်သေးသဖြင့် အကျိုးဖြစ်ထွန်းမှု ရနိုင်ပါသည်။

ဤသို့လျှင် ရက် ၆၀၊ ရက် ၉၀ စပါးမျိုးများကို DAPOG နည်းဖြင့် ပျိုးထောင်ပြီး စနစ်တကျ စိုက်ပျိုးထုတ်လုပ်ကြမည်ဆိုလျှင် ဦးကြီးတို့အနေဖြင့် ရင်းနှီးစရိတ်စကများလည်း အချိုးကျသက်သာနိုင်သလို အထွက်နှုန်းကောင်းသည့်အတွက် အကျိုးဆက်ကောင်းများကိုလည်း ကိုယ်တိုင်ခံစားကြရမည်ဖြစ်ရာ အချိန်လည်းတို၊ အကျိုးလည်းများ ရက် ၆၀၊ ရက် ၉၀ စပါးမျိုးများကို DAPOG နည်းနဲ့ ပျိုးထောင် စိုက်ပျိုးကြပါလားဟု လေ့လာ စေ့ငု မှတ်တမ်းပြု၍ အကြံပြုရေးသားတင်ပြအပ်ပါသည်။ ။

သီရိရတနာစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်လှစ်

မြစ်သား ဧပြီ ၂၁

ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ်မိုင်းမောကျေးရွာ သီရိရတနာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲကို ဧပြီ ၄ ရက် နံနက်ပိုင်းက အဆိုပါ စာကြည့်တိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ဇော်က စာကြည့်တိုက်အတွက် ရေဒီယိုတစ်လုံး၊ မြို့နယ်ဥက္ကဋ္ဌ ဦးမင်းဆွေ ဇနီးဒေါ်ယဉ်ယဉ်ကြည်မိသားစုက သုတရသစာအုပ် ၁၂၀ နှင့် ဂျာနယ်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ စာကြည့်တိုက် ငွေပဒေသာပင်အတွက် ငွေကျပ် ၁၀၀၀၀ နှင့် မြို့နယ်ပြန်/ဆက် ဦးစီးမှူး ဒေါ်ကျော့မြတ်ခိုင်က စာအုပ်များလူးဒါန်းပြီး တာဝန်ရှိသူများက လက်ခံရယူကြသည်။

ထို့နောက် သီရိရတနာ စာကြည့်တိုက် အဆောက်အအုံသစ်ကို မြို့နယ်ဥက္ကဋ္ဌ ဦးမင်းဆွေ၊ နာယကဆရာတော် ဘဒ္ဒန္တသုမနနှင့် မြို့နယ်ဦးစီးမှူး ဒေါ်ကျော့မြတ်ခိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။

(မြို့နယ်ပြန်/ဆက်)

ချင်းတွင်း မြစ်ကျိုးအင်းအတွင်း စိုက်ပျိုးထားသော ရေကျ နောက်စိုက် နွေစပါးစိုက်ခင်းမှ ၄၅ ရက်သား စပါးခင်းကို နေကြာ၊ ပြောင်း၊ ပဲ စိုက်ခင်းများနှင့်အတူ တွေ့ရစဉ်။

တိုင်းမှူး ဗိုလ်ချုပ်ကျော်ဖြိုး ကျိုင်းတုံမြို့ မဟာသင်္ကြန်ရေကစားမဏ္ဍပ်များ ကြည့်ရှုအားပေး

နေပြည်တော် ဧပြီ ၂၁

ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဖြိုးသည် တာဝန်ရှိသူများလိုက်ပါလျက် ဧပြီ ၁၅ ရက်မှ ၁၆ ရက်အထိ ကျိုင်းတုံမြို့ မဟာသင်္ကြန်မဏ္ဍပ်များသို့ ကြည့်ရှုအားပေးသည်။

ထို့နောက် ဧပြီ ၁၆ ရက် ညပိုင်းတွင် တိုင်းစစ်ဌာနချုပ် မဟာသင်္ကြန်မဏ္ဍပ်၌ မဟာသင်္ကြန်ယိမ်းအကပြိုင်ပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို တက်ရောက်သည်။ အစီအစဉ်အရ ပြိုင်ပွဲဝင် သင်္ကြန်ယိမ်းအဖွဲ့များက ယှဉ်ပြိုင်ဖျော်ဖြေကြပြီး တိုင်းမှူးနှင့်ဇနီးက ဆုရရှိသူများကို ဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ တိုင်းမှူးသည် ကျိုင်းတုံမြို့ မဟာသင်္ကြန်ဗဟိုမဏ္ဍပ်၌ ကျင်းပသည့် မဟာသင်္ကြန်ယိမ်းအကပြိုင်ပွဲ ဆုချီးမြှင့်ခြင်းအခမ်းအနားသို့ တက်ရောက်သည်။ အစီအစဉ်အရ ပြိုင်ပွဲဝင် သင်္ကြန်ယိမ်းအဖွဲ့များက ယှဉ်ပြိုင်ဖျော်ဖြေကြပြီး တိုင်းမှူးက အမှာစကားပြောကြားသည်။ ဆက်လက်၍ တိုင်းမှူးသည် ဆုရရှိကြသော သင်္ကြန်ယိမ်းအဖွဲ့များအား ဆုများကို အသီးသီးပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။(သတင်းစဉ်)

ဧဝရက်တောင်ထိပ်ပေါ်မှ အမှိုက်များ နီပေါတောင်တက်အုပ်စု ရှင်းလင်းမည်

နီပေါနိုင်ငံမှ တောင်တန်းသား ၂၀ ပါဝင်သော အဖွဲ့တစ်ဖွဲ့သည် ဧဝရက်တောင်ထိပ်ပေါ်တွင် သေဆုံးခဲ့ကြသော နိုင်ငံတကာတောင်တက်သမားများ၏ ရုပ်အလောင်းများကို ပြန်လည်ယူဆောင်ရန်နှင့် အမှိုက်သရိုက်များကို ရှင်းလင်းဖယ်ရှားရန် စီမံနေကြောင်း အင်တာနက်သတင်းများတွင် ဖော်ပြထားသည်။

ယင်းကဲ့သို့ လုပ်ဆောင်နိုင်ရန် နီပေါတောင်တက်သမားများသည် ဧဝရက်တောင်၏ အမြင့်ပေ ၂၆၂၄၀ ထိ တက်ရောက်ကြရမည်ဖြစ်သည်။ ၎င်းတို့တက်ရောက်ရမည့်နေရာသည် လေထုလွှာပါးလျခြင်းနှင့် အစိုးမရသော သဘာဝအခြေအနေများကြောင့် မရဏဇုန်ဟုပင် ဆိုကြသည်။ မည်သို့ဆိုစေ ၁၉၉၆ခုနှစ်က သေဆုံးခဲ့သော အမေရိကန်တောင်တက်သမား စကော့ဖစ်ရှာနှင့် ၂၀၀၈ ခုနှစ်က သေဆုံးခဲ့သော ဆွစ်တောင်တက်သမားဂီယာနီဂိုဇ်တို့၏ ရုပ်အလောင်းများကို ဧဝရက်တောင်အောက်သို့ ပြန်လည်သယ်ဆောင်နိုင်ရန် မျှော်လင့်နေကြသည်။

နီပေါ တောင်တက်သမားများ၏ ခရီးစဉ်သည် ယခုရက်သတ္တပတ်အတွင်း စတင်မည်ဖြစ်ပြီး မေလ ၁ ရက်နေ့တွင် ဧဝရက်တောင်တက်ခရီး၏ နောက်ဆုံးစခန်းထောက်ဖြစ်သော ဆောက်သ်ကိုးလ်တောင်ထိပ်သို့ရောက်ရှိမည်ဟု ခန့်မှန်းထားသည်။ ဤဆောက်သ်ကိုးလ်တောင်ထိပ်တွင် စခန်းချပြီးနောက် တောင်တက်သမားများသည် ဧဝရက်တောင်ထိပ်သို့ ဆက်လက်တက်ရောက်ကာ ၎င်းတို့ဆောင်ရွက်ရမည့် ရုပ်အလောင်းများကောက်ယူခြင်းနှင့် အမှိုက်သရိုက်များ ရှင်းလင်းဖယ်ရှားမှုတို့ကို လုပ်ဆောင်ပြီး အပြန်ခရီးနှင်ကြရမည် ဖြစ်သည်။

အမှိုက်များဖယ်ရှား ရှင်းလင်းရန်အတွက် အမြင့်မီတာ ၈၀၀၀ ကျော်သို့ တက်ရောက်ရန် ကြိုးပမ်းခြင်းသည် နီပေါ တောင်တက်သမားတို့အဖွဲ့ ပထမဆုံးအကြိမ်ဖြစ်သည်။ သို့ရာတွင် ဧဝရက်တောင်၏ ဂေဟစနစ်ကို ထိန်းသိမ်းနိုင်ရေးအတွက် ယင်းကဲ့သို့ လုပ်ဆောင်ရန် အလွန်အရေးကြီးကြောင်း ခရီးစဉ်ကိုစီစဉ်သူ တောင်တက်သမားတစ်ဦးကဆိုသည်။

အောက်ဆီဂျင်ကင်းမဲ့မှု ပြင်းထန်လှသော အအေးဒဏ်နှင့် အစိုးမရသော သဘာဝ အခြေအနေများကြောင့် တောင်တက်သမားတစ်ဦးလျှင် ဝန်စည်စလယ် ကီလိုဂရမ် ၂၀ ထက်ပို၍ သယ်ဆောင်နိုင်မည် မဟုတ်ပေ။ ယင်းအပြင် တောင်ထိပ်သို့ရောက်သောအခါတွင်လည်း ၁၂ နာရီထက်ပို၍ နေနိုင်စွမ်းရှိလိမ့်မည် မဟုတ်ပေ။

နီပေါတောင်တက်သမားများသည် ဆောက်သ်ကိုးလ်တောင်ထိပ်ကို စခန်းထောက်အဖြစ်အသုံးပြုပြီး မီတာ ၈၀၀၀ ကျော်မြင့်သော မရဏနယ်မြေဆီသို့ တက်ချည်ဆင်းချည်ဖြင့် ၎င်းတို့၏ တာဝန်များကို ထမ်းဆောင်ရမည်ဖြစ်သည်။ အန္တရာယ်ကား အလွန်များလှသည်။ သို့ရာတွင် ယခုတက်ရောက်မည့် နီပေါ တောင်တက်သမားများသည် အတွေ့အကြုံကြီးမားလှသူများဖြစ်ရာ အခက်အခဲများကို အောင်မြင်စွာ ကျော်လွှားနိုင်မည်ဟု ယုံကြည်ရသည်။ နှင်းခဲပြိုခြင်းနှင့် သဘာဝအနေအထားကို အထူးဂရုပြုပြီး ဧဝရက်တောင်ပေါ်သို့ တက်ရောက်ရမည်ဖြစ်ကြောင်း၊ လုံလောက်သော အတွေ့အကြုံနှင့် နည်းပညာသာရှိလျှင် ဧဝရက်တောင်သည် အန္တရာယ်မပေးနိုင်ကြောင်း နီပေါတောင်တက်အဖွဲ့ ခေါင်းဆောင် နမ်ယယ်လ်ရှာပါကဆိုသည်။

အင်တာနက် သတင်းမှတ်စု

ဘာသာပြန် - ငြိမ်းဆု

ဧဝရက်တောင်ထိပ်ပေါ်သို့ တက်ရောက်၍ အမှိုက်များရှင်းလင်းမည့် နီပေါ တောင်တက်အဖွဲ့သည် ရှက်ဖွင်တဲ ကီလိုဂရမ် ၃၀၀၀၊ ကြိုးများ၊ အောက်ဆီဂျင်ဓာတ်ငွေ့ဘူးများ၊ စားသောက်ကုန် ထုပ်ပိုးမှုပစ္စည်းများ စသော အသုံးအဆောင်ပစ္စည်းများကို ပြန်လည်သိမ်းဆည်းနိုင်မည်ဟု မျှော်လင့်ထားသည်။

ဧဝရက်တောင်သည် နီပေါနိုင်ငံသားတို့၏ အထွတ်အမြတ်ထားရာ နေရာတစ်ခုဖြစ်သည်။ နီပေါအစိုးရ၏ ဧဝရက်တောင်နှင့် ပတ်သက်သော သဘောထားကလည်း ပြတ်သားရှင်းလင်းသည်။ ဧဝရက်တောင်ထိပ်ပေါ်တွင် မည်သူ့ရုပ်အလောင်းကိုမျှ ထားရှိ ခွင့်ပြုမည်မဟုတ်ပေ။ ထို့ကြောင့် နီပေါတောင်တက်သမားများသည် သေဆုံးသွားသော တောင်တက်သမားတို့၏ ရုပ်အလောင်းများကို အခြေစိုက်စခန်းသို့ ပြန်လည်သယ်ဆောင်ကာ သင်္ဂြိုဟ်ပေးရမည် ဖြစ်သည်။

နီပေါ တောင်တက်သမားများ အထူးအာရုံစိုက်ရမည့်အလုပ်တစ်ခုမှာ ၁၉၅၃ ခုနှစ်မှစ၍ တောင်တက်ခရီးတွင် အသုံးပြုခဲ့သော ကြိုးများကို ဖယ်ရှားနိုင်ရေးဖြစ်သည်။ ထိုကြိုးများသည် ပုံစံချင်းအတူတူပင်ဖြစ်ရာ မည်သည့်ကြိုးက အဟောင်းဖြစ်၍ မည်သည့်ကြိုးက အသစ်ဖြစ်သည်ကို ခွဲခြားရခက်ရသည်။ တောင်တက်သမားတစ်ဦးအနေဖြင့် ကြိုးဟောင်းကို မှားယွင်းအသုံးပြုမိပါက အန္တရာယ်ဖြစ်ရန် သေချာသလောက်ဖြစ်သည်။

တောင်တက် အဖွဲ့ခေါင်းဆောင် နမ်ယယ်လ်ရှာပါက ယခုခရီးစဉ်သည် အနာဂတ်ဧဝရက်တောင် သန့်ရှင်းရေး ခရီးစဉ်များအတွက် စံပြခရီးစဉ်တစ်ခု ဖြစ်လိမ့်မည်ဆိုသည်။ ကမ္ဘာ့ တောင်တန်းကြီးများသည် လူသားတို့အတွက် မရှိမဖြစ်လိုအပ်သော ရေအရင်းအမြစ်များ ဖြစ်ကြောင်း၊ လူတို့အနေဖြင့် တောင်များ၏ ဂေဟစနစ်ကို မထိခိုက်စေရန် သန့်ရှင်းရေး ဦးစားပေးအလေးထား၍ ပါဝင်ကူညီသင့်ကြောင်း နမ်ယယ်လ်ရှာပါက ပြောကြားခဲ့သည်။

အင်တာနက်။

စွန့်ပစ်အမှိုက်များ

ဧဝရက်တောင်တက်ခရီးတွင် တောင်တက်သမားတို့ စွန့်ပစ်ခဲ့ကြသော အမှိုက်များကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၂-၄-၂၀၁၀ (ကြာသပတေးနေ့)

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ဓဇဂ္ဂသုတ်
- ၅း၁၅ MRTV-4 သတင်း
- ၆း၀၀ "ဆရာတော်အရှင်ပုညာနန္ဒ" ဟောကြားတော်မူသော တရားတော်
- ၇း၀၀ MRTV-4 သတင်း
- ၇း၄၅ **MRTV-4 ကာတွန်းအစီအစဉ်**
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ကြည်နူးဝေဖြာမေတ္တာကမ္ဘာ" (အပိုင်း-၈၈)**
- ၈း၃၀ Sport World (Global Football)
- ၈း၅၅ KOSE' ရဲ့ ရောင်စဉ်ဖြာသောနေ့
- ၉း၀၅ ဘဝဗိမာန်ပေါ်သို့ သက်ဆင်းလာသော ကားများ
- ၉း၂၀ တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်)
- ၉း၅၅ အနုပညာရုပ်ဝန်းမှရင်ခုန်သံများ (နတ်ဖြစ်ရတဲ့ဒုက္ခ)
- ၁၀း၂၅ ပင်လယ်ရေထွက်လုပ်ငန်းဖြင့် ဖွံ့ဖြိုးတိုးတက်နေသော ရခိုင်ပြည်နယ်
- ၁၀း၃၅ စားချင်စဖွယ် နည်းအသွယ်သွယ် (ပင်စိမ်းရနံ့ဂေါ်ဖီထုပ်အစာသွတ်နှင့် ကြက်သားလုံးလိုင်ချီးကော်ရည်)
- ၁၁း၀၅ လူသုံးပစ္စည်းအလေးထားစက်မှု(၁)ရဲ့စွမ်းပကား [စတီးပစ္စည်းနှင့် ကြွေရည်စိမ်ပစ္စည်းစက်ရုံ (မင်းစု)]
- ၁၁း၂၅ ဈေးဝယ်လမ်းညွှန် (မြတ်ပန်းတော်ဝင်)
- ၁၁း၅၅ ဆီးချိုကြောင့်ဖြစ်သော ကျောက်ကပ်ရောဂါကို ကာကွယ်တားဆီးခြင်း (ပါမောက္ခဒေါက်တာစောနောင်)
- ၁၂း၃၀ Activities In The City [အထက(၂) လမ်းမတော် အာစရိယပူဇော်ပွဲ]
- ၁း၀၀ "ဆရာတော်အရှင်ပုညာနန္ဒ" ဟောကြားတော်မူသော တရားတော်
- ၂း၀၀ MRTV-4 သတင်း
- ၂း၄၅ Fashion Music Festival (Pop Fashion-1)
- ၃း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ကြည်နူးဝေဖြာမေတ္တာကမ္ဘာ" (အပိုင်း-၈၈)**
- ၄း၀၅ ဘဝဗိမာန်ပေါ်သို့ သက်ဆင်းလာသော ကားများ
- ၄း၂၀ မပြောမပြီး မတီးမမြည် (နေရဲလင်း၊ မိုးဇော်၊ မောင်မောင်မြင့်၊ ရှင်ဖုန်းသိမ့်ချယ်၊ နိုင်ဆုသွယ်) (ဒါရိုက်တာ-မောင်မောင်မြင့်)
- ၄း၄၀ ပီတိကလိုင် ပန်းကမြင်
- ၄း၅၅ Smart Dictionary အကြောင်းသိကောင်းစရာ
- ၅း၁၅ KOSE' ရဲ့ ရောင်စဉ်ဖြာသောနေ့
- ၅း၃၅ ဂီတသရုပ်ပြခန်း (Rock United)
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ အနုပညာမိုးကောင်းကင်
- ၆း၄၅ Fashion Music Festival (Pop Fashion-1)
- ၇း၂၀ ဈေးဝယ်လမ်းညွှန် (မြတ်ပန်းတော်ဝင်)
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)
- ၉း၀၅ အနုပညာမိုးကောင်းကင်
- ၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ကြည်နူးဝေဖြာမေတ္တာကမ္ဘာ" (အပိုင်း-၈၈)**
- ၁၀း၀၀ အနုပညာရုပ်ဝန်းမှရင်ခုန်သံများ (နတ်ဖြစ်ရတဲ့ဒုက္ခ)
- ၁၀း၃၀ ဂီတသရုပ်ပြခန်း (Rock United)
- ၁၀း၅၅ စားချင်စဖွယ် နည်းအသွယ်သွယ် (ပင်စိမ်းရနံ့ဂေါ်ဖီထုပ်အစာသွတ်နှင့် ကြက်သားလုံးလိုင်ချီးကော်ရည်)
- ၁၁း၂၀ Smart Dictionary အကြောင်းသိကောင်းစရာ
- ၁၁း၃၅ ဆီးချိုကြောင့်ဖြစ်သော ကျောက်ကပ်ရောဂါကို ကာကွယ်တားဆီးခြင်း (ပါမောက္ခဒေါက်တာစောနောင်)
- ၁၂း၀၅ ကဏ္ဍစုံလင် အားကစားအစီအစဉ်
- ၁း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ပေးအပ်လှူဒါန်း

နှစ်ဆန်းတစ်ရက်နေ့က ပုသိမ်မြို့ တာဝတိံသာလမ်းနေ စာရေးဆရာ ပုသိမ်လှကြည် ဇနီး ဒေါ်မြမြဝင်းနှင့် သား ကိုနေမျိုး၊ ကိုဆွေမျိုး၊ ကိုတင်လှဝင်းဌေး၊ သမီး မသင်းသင်းလှ၊ မမွှေးမွှေးလှ မိသားစုက စတုဒိသာမဏ္ဍပ်ပြုလုပ်၍ လူမျိုးဘာသာပုဂ္ဂိုလ်မရွေး ဆန်၊ ဆီ၊ ဆား စားသောက်ကုန်ပစ္စည်းများနှင့် ကျောင်းသုံးဗလာစာအုပ်၊ ဘောလ်ပင်တို့ကို ပေးအပ်လှူဒါန်းစဉ်။ (၅၅၂)

News Watch (စောင့်ကြည့်)ဂျာနယ် ထွက်ရှိ

ရန်ကုန် ဧပြီ ၂၁

သင်္ကြန်တွင် အကယ်ဒမီချိုပြုံး ဘာဖြစ်သွားသလဲ။ ဆီနီဂေါနိုင်ငံမှာ သောင်တင်နေသော မြန်မာသင်္ဘောသားသုံးဦး ပြန်လည်ရောက်ရှိ။ ပဲခူးတွင် သင်္ကြန်မဏ္ဍပ်မရှိ၍ လိပ်ပြာကန်ထဲ ရေဆင်းကူးကာ သင်္ကြန်ကျကြခြင်း။ လောင်းလှေများနှင့် သင်္ကြန်ကျသည့် ရခိုင်ရိုးရာ ခါသင်္ကြန်ပွဲတော်။ ချင်းမိုင်သင်္ကြန်၊ ဘားအံသင်္ကြန်၊ မဲဆောက်သင်္ကြန်တို့ရဲ့ ထူးခြားချက် သင်္ကြန်ပုံရိပ်များ။ လေပြင်းတိုက်တဲ့ မန္တလေးသင်္ကြန်။ သင်္ကြန်တွင်း အခမဲ့ ပို့ဆောင်ခဲ့သည့် ယာဉ်လိုင်း။ မှတ်တိုင် ၉၀၀ ကျော်တွင် ဘတ်စ်ကားလမ်းညွှန် Light Box။ အဇ္ဈာအနုပညာအဖွဲ့မှ နိုင်ငံတကာ အဆင့်မီ ဟိုတယ်များ။ ခန်းမများတွင် မြန်မာမှုလှုလှုပပ တင်ဆက်နေ။ အခွန်မဆောင်ရသည့် အဖျော်ယမကာ၊ စီးကရက်နှင့် သောက်ရေသန့်များ အရေးယူတော့မည်။ R ဇာနည်၊ ထွန်းထွန်း၊ နန်းစုရတီစိုး၊ ဝိုင်းစုခိုင်သိန်း၊ ဖြူဖြူကျော်သိန်း၊ ရတနာမိုင်တို့ သင်္ကြန်မှာ ဘာတွေလုပ်ခဲ့သလဲ။ သူထူးစံ အင်္ဂလန်မှာ ရုပ်ရှင်ရိုက်မည်။ မေလမှာ ဂျပန်သွားမည့် ဂျင်းနီ။ အိမ်ဂျယ်မင်းသား ဂျန်ကွမ်ဆု။ ကျေးဇူးပါပဲ စီးရီးမှ ဂျယ်ဟော့။

လူ ၁၀၀၀ ကျော်သေဆုံးတဲ့ တရုတ် ငလျင်၊ အိုက်စလန်ကျွန်း မီးတောင်ပြာများကြောင့် ရပ်ဆိုင်းထားရမည့် ဥရောပလေယာဉ်များ အခြေအနေ၊ ပိုလန်သမ္မတနှင့် ဇနီး သေဆုံးရတဲ့ လေယာဉ်ပျက်ကျမှု၊ တောင်ကိုရီးယားစစ်သင်္ဘောနစ်မြုပ်ရသည့်ကိစ္စ စသည့် ကဘာကဇာတ်ခုံ လူတို့ဘုံမှ သတင်းထွေလာများနှင့် News Watch (စောင့်ကြည့်)ဂျာနယ်၊ အတွဲ (၅)၊ အမှတ် (၃၉) ထွက်နေပါပြီ။ (သတင်းစဉ်)

သက်ရှိလောက တည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

ရန်ကုန်တိုင်း တွံတေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၉-၂၀၁၀ ခုနှစ် နိုင်ငံတော်ထောက်ပံ့ငွေဖြင့်ဆောင်ရွက်မည့် တွံတေး-ရေကျော်လမ်း ဂဝံခင်းရန် ပစ္စည်းစုဆောင်းမှုအခြေအနေအား တိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမြလင်း ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

အပူဒဏ်အန္တရာယ် ကာကွယ်ရေးနှိုးဆော်ချက်(၁)

ယခုအခါ နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတုပူပြင်းလာပြီဖြစ်သည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့် ဓာတ်ဆားများ ဆုံးရှုံးမှုများပြားသည်။ ထိုသို့ ဆုံးရှုံးမှုကြောင့် မိတ်နှင့်ယားဖုများ ထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေအထိ ဖြစ်တတ်သည်။

သို့ဖြစ်၍ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များမဖြစ်ပေါ်စေရန် အောက်ပါအချက်အလက်များကို လိုက်နာကြရန် နှိုးဆော်အပ်ပါသည်။

(၁) နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ် စသည်တို့တွင် ရေချိုးခြင်းမှရှောင်ကြဉ်၍ အရိပ်ရအေးမြသော နေရာများတွင်နေပါ။

(၂) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။

(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။

(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာ ခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။

(၅) နေ့ခင်းဘက် အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာရရှိနိုင်သည့် ထီး၊ ဦးထုပ်များဆောင်းပါ။

(၆) အလင်းရောင်ပြန်သောအဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။

(၇) ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။

(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆားဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည်သောက်ပါ။

(၉) ကိုယ်အပူရှိန်တက်ပါက ရေအေးဖတ်နိုင်နိုင်တိုက်ပါ။

(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအနေဖြင့် နေ့လယ်နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသော နေရာမျိုး၌ နားနေပါ။

(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။

(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်ပါက နီးစပ်ရာ ကျန်းမာရေးဌာနတွင် ပြသပါ။

ကျန်းမာရေးဝန်ကြီးဌာန

ပြည်ထဲရေးဝန်ကြီး ဗိုလ်ချုပ်မောင်ဦး ဒဏ်ရာရဝန်ထမ်းများအား ကြည့်ရှုအားပေး

ရန်ကုန် ဧပြီ ၂၁

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးသည် ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီး အောင်ဒိုင်း၊ ရန်ကုန်တိုင်း အေးချင်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးခင်မောင်ထွန်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့တွင် ရန်ကုန်မြို့ ဆိပ်ကမ်းမြို့နယ် ရဲတပ်ဖွဲ့စခန်းသို့ သွားရောက်၍ တပ်ဖွဲ့ဝင်များ စနစ်တကျဖွဲ့ရေးနှင့် လုံခြုံရေးအထူးဝရမ်းပြေးရေးတို့ကို မှာကြားခဲ့သည်။

ထိုနောက် ဝန်ကြီးသည် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်၍ ဗုံးပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိကြသော ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ ဝန်ထမ်းများအား ကြည့်ရှုအားပေးစကားပြောကြားသည်။

ယင်းနောက် မင်္ဂလာတောင်ညွှန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ သွားရောက်၍ ရုံးအဆောက်အအုံနေရာချထားမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထဲရေးဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ ဗုံးပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိကြသော ဝန်ထမ်းများအား ကြည့်ရှုအားပေးစဉ်။ (ပြည်ထဲရေး)

ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ရေသန့်နှင့် အလျှောင်ငွေများလျှောဒါန်း

ရန်ကုန် ဧပြီ ၂၁

ဗုံးပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိကြသူများ၊ အခြားလူနာများနှင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ကျန်းမာရေးဝန်ထမ်းများ အတွက် Sand Thida Trading Co., Ltd. က ထုတ်လုပ်မြန်မြန်ရသည့် KTM အမှတ်တံဆိပ် Ro Drinking Water ရေသန့်ဘူးအလုံးရေ ၅၀၀ နှင့် ဆေးရုံ အထွေထွေအသုံးစရိတ်ငွေကျပ် တစ်သိန်းတို့ကို အောက်မြန်မာပြည် အထွေထွေမန်နေဂျာ ဦးကောင်းလွင်ဦးနှင့် ကုမ္ပဏီမှ တာဝန်ရှိသူများက ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ လာရောက်လျှောဒါန်းကြရာ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်နုနုသာက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ မြန်လည်ပေးအပ်ကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

ဗုံးပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိသူများ၊ အခြားလူနာများနှင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ကျန်းမာရေးဝန်ထမ်းများအတွက် Sand Thida Trading Co., Ltd. မှ မြန်မြန်ရယူထုတ်လုပ်သည့် KTM အမှတ်တံဆိပ် Ro Drinking Water ရေသန့်ဘူး အလုံးရေ ၅၀၀ နှင့် ဆေးရုံအထွေထွေအသုံးစရိတ်ငွေကျပ်သိန်းကို အောက်မြန်မာပြည် အထွေထွေမန်နေဂျာ ဦးကောင်းလွင်ဦးနှင့် ကုမ္ပဏီမှ တာဝန်ရှိသူများက ရန်ကုန်ပြည်သူ့ဆေးရုံ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်နုနုသာထံ ပေးအပ်လျှောဒါန်းစဉ်။ (သတင်းစဉ်)

အမျိုးသမီးရေးရာ အစည်းအဝေးနှင့် ထပ်ဆင့်ရှင်းလင်းပွဲ မြစ်ကြီးနား၌ကျင်းပ

မြစ်ကြီးနား ဧပြီ ၂၁

မြစ်ကြီးနားခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ၂၀၀၉ ခုနှစ် နှစ်ပတ်လည် အစည်းအဝေး ထပ်ဆင့်ရှင်းလင်းပွဲကို ဧပြီ ၂ ရက်နံနက် ၉ နာရီတွင် မြစ်ကြီးနားမြို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်အမျိုးသမီးရေးရာ

အဖွဲ့ဥက္ကဋ္ဌနှင့် အမှုဆောင်အဖွဲ့ဝင်များ၊ မြစ်ကြီးနားခရိုင်အတွင်းရှိ မြို့နယ်နှင့် မြို့နယ်ခွဲ အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌများနှင့် အမှုဆောင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မြစ်ကြီးနားခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာလွင်က အဖွင့်အမှာစကားပြောကြားပြီး **(အောက်ပဲပုံ)** ခရိုင်အတွင်းရေးမှူးဒေါ်မူမူစိုးက ၂၀၀၉ ခုနှစ် နှစ်ပတ်လည်အစည်းအဝေးတွင် ချမှတ်ခဲ့သည့် ရေရှည်လုပ်ငန်းစဉ်များနှင့် ဆုံးဖြတ်ချက်များအားဖတ်ကြားရှင်းလင်းသည်။

ဆက်လက်၍ မြစ်ကြီးနားမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်တင်တင်မူနှင့် မြစ်ကြီးနားခရိုင်အတွင်းရှိ မြို့နယ်/မြို့နယ်ခွဲ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌများက မိမိတို့မြို့နယ်နှင့် မြို့နယ်ခွဲအလိုက် ရှင်းလင်းတင်ပြကြာ မြို့နယ်အလိုက် အမျိုးသမီးရေးရာအဖွဲ့ အဖွဲ့ဝင်အဆိုပြုလွှာများကို ခရိုင်ဥက္ကဋ္ဌဒေါ်မာမာလွင်သို့ ပေးအပ်ပြီး ခရိုင်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားကာ အခမ်းအနားကို ရပ်သိမ်းခဲ့သည်။ (၅၆၀)

ဥတုရာသီ တောကိုမှီ၏

တံတားဦးမြို့နယ် မြဘုရင် စာကြည့်တိုက်

ကျောက်ဆည် ဧပြီ ၂၁

မန္တလေးတိုင်း ကျောက်ဆည်ခရိုင် တံတားဦးမြို့နယ် အိမ်ကန်ကျေးရွာ ရွာရှေ့ကျောင်းဝင်းအတွင်း အလျှုရှင် ဦးဝင်းမောင်-ဒေါ်မြရင်(မြဘုရင်ရိုးချက်လုပ်ငန်း) မိသားစုက ဆောက်လုပ်လျှောဒါန်းသော မြဘုရင်စာကြည့်တိုက် အဆောက်အအုံသစ် လျှောဒါန်းပွဲ အခမ်းအနားကို ဧပြီ ၂ ရက်တွင် ကျင်းပသည်။

လျှောဒါန်းပွဲအခမ်းအနားတွင် အလျှုရှင် ဦးဝင်းမောင်က စာကြည့်တိုက်ဆောက်လုပ်လျှောဒါန်းရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ကျောက်ဆည်ခရိုင် မြန်ကြားနေနှင့် မြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဒေါ်ဝေဝေဖြိုးက ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များနှင့် စာကြည့်တိုက်အင်္ဂါရပ်များအကြောင်းကို ရှင်းလင်းဆွေးနွေးရာ အိမ်ကန်ကျေးရွာရပ်မိရပ်ဖတစ်ဦးက ကျေးဇူးတင်စကား မြန်လည်ပြောကြားသည်။ (ခရိုင်မြန်/ဆက်)

မြန်မာဇာတ်ကားများ ဆက်ပြ နိုင်ငံခြားဇာတ်ကားသစ် ရုံတင်

ရန်ကုန် ဧပြီ ၂၁

ဧပြီ ၂၃ ရက် (သောကြာနေ့)တွင် ရန်ကုန်မြို့လယ်ရုံများ၌ မြန်မာရုပ်ရှင်ဇာတ်ကားသစ် ရုံမတင်ဘဲ ပြသဆဲ မြန်မာဇာတ်ကားသစ် ဖြစ်သည့် **ဝါဆိုဖယောင်းတိုင်** ဇာတ်ကားသာ သမ္မတရုံတစ်ရုံထဲ ပြသမည်ဖြစ်သည်။ လူပျိုကြီး၊ အပျိုကြီးတို့၏ ခွတီးခွကျနိုင်ငံပုံကို ဒါရိုက်တာ

ဝါဆိုဖယောင်းတိုင် ဇာတ်ကားမှ သရုပ်ဆောင်များကို တွေ့ရစဉ်။

က ဟာသမြောက်စွာ ရိုက်ကူးထားသည့် ဇာတ်ကားဖြစ်ပြီး လွင်ပိမ်း၊ လှမင်း၊ ခန့်စည်သူ၊ ဗိုးမြတ်သူဇာ၊ မေကဗျာ၊ သင်ဇာဝင့်ကျော်၊ အေးမြတ်သူနှင့် အထူးရည်သည် သရုပ်ဆောင် မျိုးကျော့ဗြိုင်တို့ ပါဝင်သည်။

နိုင်ငံခြားရုပ်ရှင်

သွင်ရုံတွင် ကမ္ဘာမြေပေါ်ရှိ ရှားပါးစပြုလာသည့် စွမ်းအင်နေရာတွင် အစားထိုးသုံးစွဲရန် အခြားဗြိုဟ်တစ်ခုပေါ်သို့ ရောက်ရှိသွားကြသည့် ကမ္ဘာ့လူသားများနှင့် ၎င်းဗြိုဟ်မှ ဗြိုဟ်သားများ တိုက်ခိုက်ကြပုံကို ရိုက်ကူးထားသည့် AVATAR ဇာတ်ကား ပြသမည်ဖြစ်ပြီး မင်္ဂလာရုံတွင် လူသားများ၏နေရာတွင် စက်ရုပ်ကို အစားထိုးသုံးစွဲလိုသူများနှင့် စက်ရုပ်မသုံးစွဲလိုသူများကြား ပဋိပက္ခဖြစ်ရပုံကို ရိုက်ကူးထားသည့် SURROGATE ဇာတ်ကြမ်းကား ပြသမည်ဖြစ်သည်။ နေပြည်တော်ရုံတွင်မူ ဝံပုလွေလူသားအကြောင်း ရိုက်ကူးထား

သည့် လျှိုဝှက်သည်းဖိုဇာတ်ကား THE WOLFMAN ပြသမည်ဖြစ်သည်။

အိန္ဒိယရုပ်ရှင်

ရှေ့ဆောင်ရုံတွင် မင်းသားကြီး ရှာရွတ်ခန်းပါဝင်သည့် MY NAME IS KHA ဇာတ်ကား၊ ဘုရင်ရုံတွင် ဆန်ကျေးဒတ်နှင့် ရှာဟစ်ကပူးတို့ ပါဝင်သော VAAH LIFE HOO TOH AISL ဇာတ်ကားနှင့် မြို့မရုံတွင် သရုပ်ဆောင်ဗီဇေး ပါဝင်သည့် POKKIRI ဇာတ်ကားများ ပြသမည်ဖြစ်သည်။

နတ်ဖြစ်ရာတဲ့ဒုက္ခရှိတင်မည်

ဒါရိုက်တာ ညွှန်မြန်မာ ညီညီအောင် ရိုက်ကူးပြီး ရန်အောင်၊ ခန့်စည်သူ၊ ထွန်းထွန်း၊ ဗိုးမြတ်သူဇာ၊ အေးမြတ်သူ၊ မော့စ်နှင့် ဝိုးဒီတို့ ပါဝင်သော နတ်ဖြစ်ရာတဲ့ ဒုက္ခဇာတ်ကားသစ် မကြာမီရုံတင်တော့မည် ဖြစ်သည်။ (ကြေးခဲ)

အောင်လံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ရေပေးဝေရေးလုပ်ငန်းဖြစ်သော တရော်ကုန်းရပ်ကွက် ရေပေးရေးလုပ်ငန်းတွင် သုံးလက်မရေပိုက်လိုင်းများ အစားထိုးလဲလှယ်ခြင်းလုပ်ငန်းအား အမှုဆောင်အရာရှိ ဦးသက်အောင်နှင့် လက်ထောက်အင်ဂျင်နီယာ(စက်မှု) ဦးထွန်းသူအောင်တို့ အနီးကပ်ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ပဲခူးတိုင်း(အနောက်ပိုင်း) ခရိုင်ချင်းဆက်လမ်းအမှတ်(၁) ပေါက်ခေါင်း၊ မြို့နယ်အပိုင်း အရှည်ပေ ၂၂၅ ရှိ ငါးဆြွေငင်းတံတား ကြိုဒိုင်ပ္ပနှင့် ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းအခြေအနေကို မတ် ၂၅ ရက်က ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင် ကွင်းဆင်းစစ်ဆေးရာ လုပ်ငန်းတာဝန်ခံ အင်ဂျင်နီယာ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

STI Education မှ အင်္ဂလိပ်ဘာသာဆရာဖြစ်သင်တန်း အတန်းသစ်များ စတင်တော့မည်

ရန်ကုန် ဧပြီ ၂၁

STI Education သည် London Teacher Training College (LTTC), UK နှင့် မြန်မာနိုင်ငံ၏ ပထမဦးဆုံး၊ အစောဆုံး မိတ်ဖက်ကျောင်းအဖြစ် ၂၀၀၆ ခုနှစ်မှ စတင်၍ ဆရာဖြစ်သင်တန်းများ စတင်ပို့ချခဲ့သည်။ ထိုသို့ သင်ကြားပို့ချရာ၌ Certificate မှ Diploma အထိ အဆင့်ဆင့်တက်ရောက်ကြသည်။

STI ၏ Diploma in TESOL, Certificate in TEFL နှင့် Certificate in TEYLT လက်မှတ်များသည် သင်တန်းသားများအား လိုအပ်သည့် ဓေတ်သစ် သင်ကြားရေးစနစ်များကို အခြေခံထားသည်။

ဆရာဖြစ်သင်တန်း သင်ကြားရာတွင် ရေးသားပုံများ၊ သီချင်းများ၊ Rhyme များ၊ Chant များနှင့် နားထောင်မှု စွမ်းရည်များ၊ အင်္ဂလိပ်ဘာသာစကားဖြင့် ကစားပွဲများပြုလုပ်ခြင်း၊ သင်ခန်းစာများ ရေးဆွဲခြင်း၊ သင်ဖိုးညွှန်းတမ်းများ ဖန်တီးခြင်းများကို ရည်ရွယ်၍ ထူးခြားပြောင်မြောက်သည့် ဆရာများဖြစ်စေရန် STI က သင်ကြားပို့ချမည်ဖြစ်သည်။

နိုင်ငံခြားသားများနှင့် ပညာရေး၊ စီးပွားရေးအရ ဆက်သွယ်ရသောအခါ ၎င်းတို့၏ လေယူလေသိမ်း၊ အသုံးအနှုန်း၊ idioms စသည်တို့ကို အကျွမ်းတဝင်ရှိစေရန် STI အင်္ဂလိပ်ဘာသာရပ် သင်တန်းများကို အထင်ကရ နိုင်ငံခြားတက္ကသိုလ်များမှ M.A (Linguistics) ဘွဲ့ရပြီး အာရှတစ်ခွင် နှစ်ပေါင်းမြောက်မြားစွာ သင်ကြားမှုအတွေ့အကြုံရှိသူ native trainer များက ပို့ချမည်ဖြစ်သည်။

သင်ကြားပေး

ယခုအခါ ကမ္ဘာနှင့်အဝန်း အင်္ဂလိပ်ဘာသာသင်ယူသူ တစ်ရှိန်ထိုးတိုးတက်လာရာ သင်တန်းသားများ၏ အလုပ်အကိုင် အခွင့်အလမ်းကောင်းများ ပေါ်လာပြီဖြစ်သည်။ ဘာသာစကားမူဝါဒ၊ ဆရာအတတ်သင် ပညာရေး၊ သူငယ်တန်းမှ အထက်တန်းအဆင့်ထိ ကျောင်းသားသူငယ်များ၏ လိုအပ်ချက်များ ဖြည့်ဆည်းနိုင်ရန် STI သင်တန်းကျောင်းက ထူးခြားဆန်းသစ်သည့်ပုံစံ ဖျိုးစံဖြင့်သင်ကြားပေးလျက်ရှိရာ သင်တန်းအောင်မြင်ပြီးဆုံးသူများမှာ အရှေ့တောင်အာရှနိုင်ငံများတွင် အင်္ဂလိပ်စာဆရာဖြစ် အောင်မြင်စွာ အသက်မွေးလျက်ရှိကြသည်။

သင်တန်းကို စနေ၊ တနင်္ဂနွေတန်းခွဲများ သင်ကြားပို့ချလျက်ရှိကြောင်း၊ တန်းခွဲသစ်များကို ဧ ၂ ရက်တွင် စတင်သင်ကြားမည်ဖြစ်သဖြင့် အသေးစိတ်သိရှိလိုပါက အမှတ်(၃၇၇) ရွှေဘုံသာအထက်လမ်း ပန်းဘဲတန်းမြို့နယ်သို့ လည်းကောင်း၊ အဆောင်(၄) အခန်း(၇) မြန်မာအင်ဗိုတက်ခ် လှိုင်မြို့နယ်သို့လည်းကောင်း၊ ဖုန်း-၂၅၀၅၆၆၊ ၇၀၀၂၃၊ ၅၀၀၂၃၊ ၅၀၀၂၅၊ ၅၀၀၂၆ တို့ကို ဆက်သွယ်ရန် ဖိတ်ခေါ်အပ်ပါကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးနေ့ အထိမ်းအမှတ် ထောင့်သန်းရောဂါ ကာကွယ်ဆေးထိုးနှံပေး

နေပြည်တော် ဧပြီ ၂၁

မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးကုဆရာဝန်များအသင်းဥက္ကဋ္ဌ ဒေါက်တာအောင်ကြီး ဦးဆောင်၍ ညောင်ဦးခရိုင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာမောင်ကျန်နှင့် ဝန်ထမ်းများသည် ဧပြီ ၂၄ ရက်တွင် ကျရောက်မည့် ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးနေ့အထိမ်းအမှတ်အဖြစ် ဧပြီ ၁၈ ရက်၌ ညောင်ဦးမြို့နယ် မြေနံလေးကျေးရွာတွင် နွားများ၌ ဖြစ်ပွားပြီး ဆုံးရှုံးမှုများပြားစေသည့် ထောင့်သန်းရောဂါ ကာကွယ်ဆေးထိုးနှံမှုကို ဆောင်ရွက်ပေးခဲ့ကြသည်။**(အောက်ပဲပုံ)**

ညောင်ဦးခရိုင်အတွင်း ဧပြီလဆန်းမှစတင်၍ ဂန့ဂါကျေးရွာ၊ ကြာအိုကျေးရွာ၊ ဒန်းတောင်ဘီကျေးရွာအုပ်စု၊ ဖွားစောကျေးရွာအုပ်စု၊ တောင်ဘကျေးရွာအုပ်စုနှင့် လက်ပဲကျေးရွာအုပ်စုတို့မှ နွားကောင်ရေ ၃၃၅၀၊ သိုး ၄၂၅ ကောင်နှင့် ဆိတ်ကောင်ရေ ၁၅၀ တို့ကို ထောင့်သန်းရောဂါကာကွယ်ဆေးထိုးနှံပေးခဲ့ပြီး မြန်မာနိုင်ငံတိရစ္ဆာန်ဆေးကုဆရာဝန်များအသင်းသည် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်တို့နှင့် ပူးပေါင်း၍ ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးနေ့ အထိမ်းအမှတ်အဖြစ် ဧပြီ ၂၃ ရက်တွင် ပညာရပ်ဆိုင်ရာ စာတမ်းဖတ်ပွဲနှင့် ဓာတ်ပုံပြပွဲများခင်းကျင်းပြသခြင်း၊ ဧပြီ ၂၄ ရက်တွင် တိရစ္ဆာန်ဆေးကုနန်းများ နေ့လုံးပေါက် ဖွင့်လှစ်ခြင်း၊ အင်းစိန် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဆေးခန်းတွင် ကြက်၊ ငှက်တုပ်ကွေးရောဂါ ကာကွယ်ဆေးများ အခမဲ့ထိုးနှံပေးခြင်း၊ ဧပြီ ၂၅ ရက်တွင် မင်္ဂလာတောင်ညွှန့်၊ လှိုင်သာယာနှင့် ကြည့်မြင်တိုင်ဗြိုလ်နယ် ကြက်၊ ဘဲကျေးမျာ၌ ပိုးသတ်ဆေးဖုန်းခြင်း၊ ပြည်နယ်နှင့်တိုင်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနများ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ဧပြီလအတွင်း တိရစ္ဆာန်ကူးစက်ရောဂါကာကွယ်ဆေးထိုးခြင်း၊ မော်ဘီနှင့် တိုက်ကြီးမြို့နယ်များရှိ ကျွဲ၊ နွားများ ခွာနာလျှာနာရောဂါ သွေးဖောက်စစ်ဆေးသည့်လုပ်ငန်းများအား အထူးဦးစားပေးခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လျှော်စိုက်ပျိုးရေး ဟင်္သာတ၌ တာဝန်ပေးအပ်

ဟင်္သာတ ဧပြီ ၂၁

ဟင်္သာတမြို့နယ်၏ ၂၀၁၀-၂၀၁၁ခုနှစ် ဂုန်လျှော်၊ ချဉ်ပေါင်လျှော် စိုက်ပျိုးရေး တာဝန်ပေးအပ်ပွဲ အခမ်းအနားကို မတ် ၁၀ ရက်က ဟင်္သာတမြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီခုံးခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်ကျော်နိုင်က ရာသီအိုန် အမိစိုက်ရေး လျာထားချက်ပြည့်မီအောင် စိုက်ပျိုးရေး အဖွင့်အမှာစကားပြောကြားကာ ခရိုင်ရန်လျှော်မန်နေဂျာ ဦးဥာဏ်လင်းက စိုက်ပျိုးတာဝန်ပေးအပ်ခြင်းနှင့် မြို့နယ်မန်နေဂျာ ဦးဘဏ်မြင့်က လုပ်ငန်းစဉ်များ ကိုပြောကြားကာ ကျေးရွာဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များအား ရာသီအခိုန်မီ စိုက်ပျိုးရန် စိုက်ပျိုးရမည့်ဒေသများ သတ်မှတ်တာဝန်ပေးကြသည်။**(အပေါ်ယာပုံ)**

ယနေ့ထိ ဟင်္သာတမြို့နယ်အတွင်းတွင် ၅၆၉ ဒသမ ၅ ဧက စိုက်ပျိုးပြီးကြောင်း သိရသည်။ (၁၄၆)

မြောက်ပိုင်းဒေသများ မိုးဆက်လက်ထစ်ချုန်းရွာမည်

ရန်ကုန် ဧပြီ ၂၁

ယနေ့နှစ် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်တွင် နေရာအနှံ့အပြား၊ ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်း အောက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ **နေ့အပူချိန်မှားမှာ** ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် ဧပြီလ၏ ပုမ်းမျှအပူချိန်တိုထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ဧပြီလ၏ ပုမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီ ဂရိတ် မှ ၆ ဒီဂရီစင်တီဂရိတ်ထိပိုခဲပြီး ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် ဧပြီလ၏ ပုမ်းမျှအပူချိန်တို့အောက် ၈ ဒီဂရီစင်တီဂရိတ်လျော့နည်းခဲ့ကာ ကျန်ဒေသများတွင် ဧပြီလ၏ ပုမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့်နေ့ အပူချိန်များမှာ** မင်းဘူးမြို့တွင် ၄၂ ဒသမ ၅ ဒီဂရီစင်တီဂရိတ်နှင့် မန္တလေးမြို့တွင် ၄၂ ဒီဂရီစင်တီဂရိတ် တို့ဖြစ်ကြသည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်မှာ** ပုတာအိုမြို့တွင် ၂ ဒသမ ၁၇ လက်မ၊ မချမ်ဘောမြို့တွင် ၁ ဒသမ ၄၆ လက်မနှင့် မိုးကုတ်မြို့တွင် သုညဒသမ ၂၈ လက်မတို့ဖြစ်ကြသည်။

ဘင်လားပင်လယ်အော်အခြေအနေ ။ ။ ကမ္ဘလီပင်လယ်ပြင်နှင့် ဘင်လားပင်လယ်အော်အနောက်တောင်ပိုင်းတို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေပြီး ကျန်ဘင်လားပင်လယ်အော်တွင် အများအားဖြင့်သာယာနေသည်။

ဧပြီ ၂၂ ရက် ညနေထိခန့်မှန်းချက် ။ ။ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာကျဲကျဲ၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်း အောက်ပိုင်း၊ ရန်ကုန်တိုင်း၊ မန္တလေးတိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် ။ ။ လှိုင်းအသင့်အတင့်ရှိမည်။

နောက်ခန့်ရက်အတွက်ခန့်မှန်းချက် ။ ။ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာမည်။

နေပြည်တော်နှင့် အနီးတစ်ပိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ပိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ပိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

နိုင်ငံတကာအားကစားသတင်းများ

မော်ရင်ဟိုး၏ အင်တာမီလန် ကမ္ဘာ့အကောင်းဆုံးအသင်းကို အနိုင်ယူ

လန်ဒန် ဧပြီ ၂၁

၂၀၀၉ - ၂၀၁၀ ဘောလုံးရာသီ၏ ချန်ပီယင်လီဂ် အကြိုဗိုလ်လုပွဲ ပထမအကျော့ ပထမနေ့ပွဲစဉ်အဖြစ် အီတလီမြေ ဆန်စီရိုကွင်းတွင် အင်တာမီလန် အသင်းနှင့် ဘာစီလိုနာအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ အိမ်ရှင်အင်တာမီလန်အသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

လှုစုံပါဝင်

ယခုပွဲတွင် အိမ်ရှင်အင်တာမီလန် အသင်း၌ ဂျူလီယိုဆီဆာ၊ ဇနက်တီ၊ မိုင်ကွန်၊ မာတေရာဇီ၊ လှုစီယို၊ ကမ်ဘီယာဆို၊ အီတူး၊ ရှနိုက်ဒါ၊ မီလီတိ တို့ဖြင့်လှုစုံပါဝင်ခဲ့သလို ဧည့်သည် ဘာစီလိုနာအသင်းတွင် ပွယိုးလ်၊ ဝီကေး၊ ကီတာ၊ ဇာဗီ၊ ပက်ဒရီ၊ မက်ဆီ၊ အီဗရာ ဟီမိုဝစ်ချဲတို့ဖြင့် ပွဲထွက်လာခဲ့သည်။

ချေပဂိုး

ပထမပိုင်းပွဲစသည်နှင့် နှစ်သင်းလုံး ခံစစ်အသွင်ဖြင့် မကစားဘဲ တိုက်စစ်ဖွင့်ကစားခဲ့ရာ ပွဲချိန် ၁၉ မိနစ်တွင် ဧည့်သည် ဘာစီလိုနာတို့ ပက်ဒရီ၏ ဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သည်။ သို့သော် အင်တာမီလန် ညာနောက်ခံလူ မိုင်ကွန်၏ ခြေစွမ်းပြထိုးဖောက်မှုကို မထိန်းချုပ်နိုင်သည့် ဘာစီလိုနာသည် ပွဲချိန် မိနစ် ၃၀ တွင် ရှနိုက်ဒါ၏ ချေပဂိုးကို ခွင့်ပြုခဲ့ရသည်။

အလားအလာကောင်း

ဒုတိယပိုင်းတွင် ဘာစီလိုနာအသင်း ဘောလုံးပိုင်ဆိုင်မှု အသာစီးရယူရန် ကြိုးစားလာသော်လည်း ၄၈ မိနစ်တွင် ညာတောင်ပံ၌ ခြေစွမ်းပြနေသည့် မိုင်ကွန်က ဒုတိယဂိုးနှင့် ၆၁ မိနစ်တွင် အီတူး၊ ရှနိုက်ဒါ၊ မီလီတို့ တိုက်စစ်အတွဲကနေ မီလီတိုက တတိယဂိုးတို့ကို သွင်းယူပေးခဲ့သည်။ မိနစ် ၇၀ နောက်ပိုင်းတွင် ဘာစီလိုနာ ဘောလုံးပိုင်ဆိုင်မှုအသာဖြင့် အင်တာမီလန်ဘက်သို့ ဖိအားပေးတိုက်စစ်ဆင်လာခဲ့သော်လည်း တိုက်စစ်မှုများ ဂိုးသွင်းမသေချာခြင်းနှင့် အင်တာမီလန် နောက်ခံလူများနှင့် ဂိုးသမားတို့ အကောင်းဆုံး ကာကွယ်ဖျက်ထုတ်နိုင်ခဲ့ခြင်းတို့ကြောင့် ဘာစီလိုနာ ဂိုးသွင်းယူနိုင်ခြင်းမရှိဘဲ အင်တာမီလန်ကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ပေးခဲ့ရသည်။ သို့အတွက်ကြောင့် အင်တာမီလန်မှာ နောက်ဆုံးဝိုလ်လုပွဲသို့ တက်ရောက်ရန် အလားအလာကောင်းသွားပြီး ဘာစီလိုနာ အသင်းမှာမူ ဧပြီ ၂၉ ရက်ကြာသပတေးနေ့ နန်ကပ်ပိုင်းတွင် ကစားရမည့် ဒုတိယအကျော့ပွဲစဉ်တွင် ရုန်းကန် ရတော့မည်ဖြစ်သည်။ ဆန်စီရိုကွင်းတွင် ယှဉ်ပြိုင်ကစားခဲ့သည့် ယခုပွဲအား ပရိသတ် စဉ်ဝဝ၀ လာရောက်ကြည့်ရှုအားပေးခဲ့သည်။

အင်တာနက်။



ဘာစီလိုနာအတွက် ပက်ဒရီ အဖွင့်ဂိုး သွင်းယူစဉ်။

အင်တာမီလန်အတွက် ဒုတိယ ဂိုးကို မိုင်ကွန်သွင်းယူစဉ်။

ဝင်းတင်(ကြေးမုံ)

ကျောခပ်ကျ ခရေခဲကျ စလာစာအုပ်
EXERCISE BOOK
unicolor. ယူနီကာလာ စလာစာအုပ်
ဝယ်ယူ သုံးစွဲကြပါရန်။

ရေစကြိုမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးဌာနမှ ပေါ်ထွက်လာသော ကိုယ်ဝန်ဆောင်အမျိုးသမီးများ ကိုယ်တိုင်ကိုယ်စီ ကျန်းမာရေးနှင့် ကိုယ်ပိုင်ကိုယ်ရေးရာ ကိုယ်တိုင်ကာကွယ်ရေးနည်းလမ်းများ ကျင့်သုံးနိုင်ကြောင်း ပြသနေစဉ်။ (ဓာတ်ပုံ-ကိုကိုထွန်း)

ဆေးကျောင်းသား၊ ကျောင်းသူများ ရေစကြိုမြို့နယ်အတွင်း ကွင်းဆင်း

ရေစကြို၊ ဧပြီ ၂၀

မကွေးဆေးတက္ကသိုလ် နောက်ဆုံးနှစ်အပိုင်း(က)မှ ဆေးကျောင်းသား၊ ကျောင်းသူ ၁၄ ဦးတို့သည် ရေစကြိုမြို့နယ်အတွင်း ကွင်းဆင်းလေ့လာရန် မတ် ၁၅ ရက်တွင် ရေစကြိုမြို့ ပြည်သူ့ဆေးရုံ အပေါ်ထပ် သင်တန်းခန်းမ၌ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာ နေဝင်းက ကြိုဆိုနှုတ်ခွန်းဆက် အမှာစကားပြောကြားပြီး မွန်းလွဲပိုင်းတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှုန်း အစည်းအဝေးခန်းမ၌ လူမှုရေး အသင်းအဖွဲ့များနှင့် တွေ့ဆုံရာ မြို့နယ်ဥက္ကဋ္ဌ ဦးရွှေကျော့က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

အဆိုပါ လေ့လာရေး ဆေးကျောင်းသား၊ ကျောင်းသူများသည် အမှတ်(စ) ရပ်ကွက်အတွင်းမှ အိမ်ထောင်စု ၁၄၀ကို သွေးလွန်တုပ်ကွေးစစ်တမ်းကောက်ယူခြင်း၊ တီဘီရောဂါလေ့လာခြင်း၊ တိုက်နယ်ဆေးရုံ၊ ကျေးလက်ကျန်းမာရေးဌာန၊ ကျေးလက်ကျန်းမာရေးဌာနခွဲများသို့ သွားရောက်၍ ဌာနကျန်းမာရေးဆိုင်ရာ လုပ်ငန်းစဉ်များကို ကွင်းဆင်းလေ့လာကြသည်။

(ဇဋ္ဌ)

ပဲခူးတိုင်း(အနောက်ပိုင်း) လက်ပံတန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးခဲ့သော (၂)လမ်း(မြို့မရပ်ကွက်) ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို မတ် ၁၉ ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးနေမျိုးသန်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအေးဝင်းနှင့် လူမှုရေးအသင်းအဖွဲ့မှ ဒေါ်အေးအေးနိုင်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (မြို့နယ်စည်ပင်)

ပိန်းအင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်

အင်းတော် ဧပြီ ၂၁

စစ်ကိုင်းတိုင်း ကသာခရိုင် အင်းတော်မြို့နယ် မအူကုန်းကျေးရွာအုပ်စု ပိန်းအင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲကို ဧပြီ ၁၀ ရက် နံနက်က အဆိုပါ ကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ကျောင်းဆောင်သစ်မှခ်ဦးကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး အောင်စိုး၊ လက်ထောက်မြို့နယ်ပညာရေးမှူး ဦးကျော်လွင်နှင့် ပိန်းအင်းကျေးရွာ ရပ်မိရပ်ဖ ဦးစံရှင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး အင်းတော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြင့်ဝင်းနှင့် လက်ထောက်မြို့နယ်ပညာရေးမှူး ဦးကျော်လွင်တို့က အမှာစကားပြောကြားကာ ကျောင်းအုပ်ဆရာမကြီး ဒေါ်သန္တာမြင့်က ကျောင်းသမိုင်းကို ဖတ်ကြားသည်။

ထို့နောက် ကျောင်းနှင့်ပတ်သက်သော စာရွက်စာတမ်းများကို ကျောင်းသားမိဘ ဦးဆန်းဝင်းက ပေးအပ်ရာ မြို့နယ်ပညာရေးမှူး ကိုယ်စား လက်ထောက်မြို့နယ်ပညာရေးမှူး ဦးကျော်လွင်က လက်ခံရယူသည်။

အဆိုပါ ကျောင်းဆောင်သစ်မှာ နိုင်ငံတော်မှ ထောက်ပံ့ငွေကျပ်သိန်း ၅၀၊ မိဘပြည်သူများမှ ထည့်ဝင်ငွေကျပ်သိန်း ၁၀၀ နှင့် နမ‌ခတိုင်းမှူး ထောက်ပံ့သည့် ဘီလပ်မြေအိတ် ၁၀၀ဖြင့် အုတ်ညှပ်နှစ်ထပ်၊ အလျား ပေ၉၀၊ အနံ ပေ ၃၀တို့ ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။ (၂၃၃)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြော

ရန်ကုန် ဧပြီ ၂၀

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာရေးနှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေး ပညာပေးဟောပြော ပွဲတို့ ဧပြီ ၈ ရက်က ဘားအံခရိုင်၊ ခရိုင်အဆင့် ဆရာ၊ ဆရာမများ မွမ်းမံသင်တန်း ဖွင့်လှစ်လျက်ရှိသော ဘားအံမြို့၊ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ပတ္တမြားခန်းမ၌ ကျင်းပရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကရင်ပြည်နယ်ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှူးဦးစီးဌာနမှ ပြည်နယ် ဦးစီးမှူး ဦးအေးသက်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ များကို သင်တန်းသား ဆရာ၊ ဆရာမများအား ဆွေးနွေးဟောပြော၍ **(အောက်ပုံ)** ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။

ဟောပြောပွဲတွင် လက်ထောက်ပြည်နယ်ပညာရေးမှူး ဦးစောထင်ကြေး၊ သင်တန်းမှူး ကျောင်းအုပ် ဆရာကြီးများနှင့် သင်တန်းသားများ တက်ရောက်ကြကြောင်း သိရသည်။ (ကြေးမုံ)



ရောင်နီဦးကျေးရွာစာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်

ကသာ ဧပြီ ၂၀

ကသာခရိုင် ကသာမြို့နယ် မိုးတားကြီးကျေးရွာအုပ်စု မိုးတားကြီးကျေးရွာ ရောင်နီဦး ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၀ ရက် နံနက်ပိုင်းက အဆိုပါ အဆောက်အအုံရှေ့၌ ကျင်းပသည်။

ထို့နောက် ရောင်နီဦးစာကြည့်တိုက်အား ကသာမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမင်းအောင်၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ဝင်းကို၊ ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြင့်သိန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ (ခရိုင်ပြန်/ဆက်)

စာအုပ်စာပေ လူ့မိတ်ဆွေ

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က တောင်ဘစာကျေးလက်ကျောက်ရောလမ်း ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးစောဝေနှင့် အငယ်တန်းအင်ဂျင်နီယာ-၂ (မြို့ပြ) ဦးကျော်သန့်ဇင်တို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

SYM Education Centre
- Poly/ITE ဝင်ခွင့်သင်တန်း
- Poly ကျောင်းသား/သူများအတွက်
IELTS Preparation Class

ဆေးရုံကောင်းရောင်းမည်

အိမ်ရောင်းမည်

ပုလဲမြို့သစ်၊ ရခိုင်ကျောင်းလမ်း၊ မြေ ၂၀၀'x ၁၀၀' ခေတ်မီတစ်ထပ် တိုက်သစ် 3-MB 1-SB ရေ မီး၊ ဖုန်း A/C အမှတ်(၃) လမ်းမကြီးနှင့် နီးသည်။

ဖုန်း-၀၉၅၀၀၆၉၉၉

သမီးအဖြစ်မှ မသက်ဆိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်း သန်လျင်မြို့၊ ကျောင်းကုန်း(ဆိပ်ကြီး)နေ ကျွန်တော်၊ ကျွန်မတို့၏ သမီးဖြစ်သူ မဝေမြေင့် [၆/ပလန(နိုင်)၁၃၃၃၂၅]သည် မိဘများ စိတ်ဆင်းရဲအောင် ပြုလုပ်၍ မိဘများ ခွင့်မလွှတ်နိုင်သော ကိစ္စရပ်အား ပြုလုပ်၍ ၎င်းတို့ဆန္ဒအရ နေအိမ်မှ ဆင်းသွားပါသဖြင့်ယခုမှစ၍သမီးအဖြစ်မှ မသက်ဆိုင်တော့ကြောင်းနှင့် ၎င်းတို့ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

အမေ-ဦးကျော်မြင့် [၆/ပလန(နိုင်)၀၃၉၁၇၅]

အမေ-ဒေါ်အုံးဝေ [၁၂/သလန(နိုင်)၀၂၇၅၂၂]

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြော

နေမြည်တော် ဧပြီ ၂၀

ရှမ်းပြည်နယ်(တောင်ပိုင်း) ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြေးတြပ်မှုကော်မတီက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို မတ် ၉ ရက်က ကန်ရှေ့ရပ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနန်းမ၌ ကျင်းပရာ မဆင်မခြင်ယာဉ်မောင်းနှင်မှုကြောင့် ဖြစ်တတ်လေရှိသော ဖြစ်စဉ်များကို ပြည်နယ်ရဲတပ်ဖွဲ့၊ ယာဉ်ထိန်းတာဝန်ခံ ဒုတိယရဲမှူး ဗိုလ်ကြီးရန်ကပြောကြားပြသပြီး အရည်အချင်းပြည့်မီသော ယာဉ်မောင်းကောင်းများဖြစ်ပေါ်ရေးနှင့်ပတ်သက်၍ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနမှ (စစ်ဆေးရေးမှူး-၂) ဦးဇော်ကိုကိုဖေက ဗီဒီယိုဆလိုက်ဖြင့်လည်းကောင်း၊ စည်းကမ်းမလိုက်နာမှုကြောင့် ဖြစ်တတ်လေရှိသော ယာဉ်တိုက်ခိုက်တိမ်းမှောက်မှုများကို ယာဉ်ထိန်းဌာနမှ ရဲအုပ်မြင့်အောင်ကဟောပြောပို့ချပြီး ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်၊ မော်တော်ဆိုင်ကယ်စီးနင်းသူများနှင့် ပြည်သူများတက်ရောက်ခဲ့ကြသည်။ **(အပေါ်ပုံ)**

(ကညန)

မန္တလေးတိုင်း ပြည်ကြီးတံခွန်မြို့နယ် တံခွန်တိုင်ရပ်တွက် တံခွန်တိုင်ရေးမီးဘေးကြိုတင်ကာကွယ်ရေးနှင့် သရဖပြပွဲကို ရေးမျက်နှာစဉ် ကျင်းပရာ မန္တလေးခရိုင် မီးသတ်ဦးစီးအရာရှိ ပညာပေးဟောပြောစဉ်။ (၃၈၇)

ရမည်းသင်း ဧပြီ ၂၀

ရမည်းသင်းခရိုင် ဟော်ဘွယ်မြို့ ချည်မျှင်စက်ရုံ၏ (၁)နှစ်ပြည့် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားကို မတ် ၂၀ ရက်က အဆိုပါစက်ရုံ အစည်းအဝေးနန်းမ၌ ကျင်းပရာ စက်ရုံမှူးဦးကျော်ဝင်းစိန်၊ ဒုစက်ရုံမှူးများ၊ လက်ထောက်စက်ရုံမှူးများ၊ အလုပ်ရုံခွဲမှူးများနှင့် စက်ရုံဝန်ထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ စက်ရုံဝင်းအတွင်းရှိ ဝန်ထမ်းများအတွက် ပညာအလင်းစာကြည့်တိုက်ကို ဖွင့်လှစ်ပေးခြင်းနှင့် စာကြည့်တိုက်အတွက် စာအုပ် စာစောင် လျှုဒါန်းမှုများအား ဂုဏ်ပြုမှတ်တမ်းလွှာများချီးမြှင့်ပြီး နှစ်ပတ်လည်နေ့အခမ်းအနားကို ဆက်လက်ကျင်းပရာ စက်ရုံမှူး ဦးကျော်ဝင်းစိန်က ကုန်ထုတ်လုပ်မှု လျှာထားချက်ပြည့်မီရေးအတွက် ဝန်ထမ်းအားလုံးကြိုးပမ်းပြီး ပူးပေါင်းဆောင်ရွက်လုပ်ကိုင်သွားကြရန် အဖွင့်အမှာစကား ပြောကြားသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် စက်ရုံမှူးနှင့် တာဝန်ရှိသူများက ကုန်ထုတ်လုပ်မှုစွမ်းဆောင်ရည်ထူးချွန်သူ စက်ရုံဝန်ထမ်းများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရပ်သိမ်းလိုက်သည်။ (၁၁၅)

ချည်မျှင်စက်ရုံ(ဟော်ဘွယ်) နှစ်ပတ်လည်အခမ်းအနားနှင့် ဝန်ထမ်းများအား ဆုများချီးမြှင့်ပွဲကျင်းပ

ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များသို့ စာအုပ်စာစောင်များ လျှုဒါန်း

တံတားဦး ဧပြီ ၂၀

တံတားဦးမြို့နယ်အတွင်းရှိ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များသို့ စာအုပ်စာစောင်များကို အလျှုရှင်များက လျှုဒါန်းလျက်ရှိရာ အလျှုရှင် မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် စက်မှုဇုန် (၁) နေ ဦးနေဝင်း-ဒေါ်နိုင်နိုင်ဦး (ကိုနေဝင်း-ကရိန်းဝန်ဆောင်မှု) မိသားစုတို့က တံတားဦးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်သွယ်ရေးဦးစီးဌာန မြို့နယ်ရဲ့သို့ မဂ္ဂဇင်းစာအုပ်မျိုးစုံ အုပ် ၅၀၀ နှင့် ဂျာနယ်မျိုးစုံ အုပ် ၃၀၀၀ တို့ကို ပေးအပ်လျှုဒါန်းရာ **(ယာဝုံ)** မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်သွယ်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဘိုမောင်က လက်ခံရယူပြီး ကျေးလူတင်စကားပြန်လည်ပြောကြားသည်။ အဆိုပါ လျှုဒါန်းသော စာအုပ်စာစောင်များကို ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များသို့ ဆက်လက်လျှုဒါန်းသွားမည် ဖြစ်ကြောင်း သိရှိရသည်။

(မြို့နယ်ပြန်/ဆက်)

ကူးစက်ရောဂါနှင့် ကာလသားရောဂါအကြောင်း ဟောပြော

ပုသိမ် ဧပြီ ၂၀

ဧရာဝတီတိုင်း ပုသိမ်မြို့ ကမ်းနားလမ်းရှိ ပြည်တွင်းကုန်တင်ကုန်ချ ကော်မတီရုံး၌ ခုခံအားကျဆင်းမှု ကူးစက်ရောဂါနှင့် ကာလသားရောဂါအကြောင်း ပညာပေးဟောပြောပွဲကို မတ် ၁၅ ရက်က ကျင်းပသည်။ အဆိုပါဟောပြောပွဲတွင် ပုသိမ်မြို့ ခုခံအားကျဆင်းမှု ကူးစက်ရောဂါနှင့် ကာလသားရောဂါတိုက်ဖျက်ရေးအဖွဲ့မှ အဖွဲ့ခေါင်းဆောင် ဒေါက်တာသန်းဝင်းက အိပ်ချ်အိုင်ဗီ၊ အေအိုင်ဒီအက်စ်ရောဂါနှင့် ပတ်သက်၍ ဟောပြောဆွေးနွေးပြီး **(ယာဝုံ)** သိလိုသည်များကို ဖြေကြားခဲ့သည်။အဆိုပါ ဟောပြောပွဲသို့ ဆိပ်ကမ်း ကုန်တင် ကုန်ချလုပ်သား ၄၀ ကျော်တက်ရောက်ခဲ့ပြီး ပညာပေးလက်ကမ်းစာစောင်များဝေငှခဲ့သည်။

(၁၆၅)

တိုင်းရင်းဆေးပညာ ဆင့်ပွားသင်တန်းဖွင့်

ကန့်ဘလူ ဧပြီ ၂၀

စစ်တိုင်းတိုင်း ကန့်ဘလူမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ တိုင်းရင်းဆေးပညာ ဆင့်ပွားသင်တန်းဖွင့်ပွဲ အခမ်းအနားကို မတ် ၁၉ ရက် နံနက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ (မြို့နယ်ကျန်းမာရေးကြီးကြပ်မှူးကော်မတီဥက္ကဋ္ဌ) ဦးဝေမျိုးခိုင်နှင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်ဥက္ကဋ္ဌများ၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ငြေးငြေးဝင်းနှင့် အမှုဆောင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစီအစဉ်အရ မြို့နယ်ဥက္ကဋ္ဌ ဦးဝေမျိုးခိုင်၊ အသင်းဥက္ကဋ္ဌ ဒေါ်ငြေးငြေးဝင်းတို့က အဖွင့်အမှာစကားပြောကြားပြီး တိုင်းရင်းဆေးမှူး ဒေါ်သန်းသန်းလတ်က သင်တန်းရည်ရွယ်ချက်နှင့် အစီအစဉ်များကို ရှင်းလင်းဆွေးနွေးသည်။ သင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၅၀ ကျော်တက်ရောက်ကြပြီး တိုင်းရင်းဆေးဖြင့် ကျန်းမာရေး စောင့်ရှောက်မှုမျိုးကို ပို့ချသွားမည်ဟုသိရသည်။

(၃၈၆)

ဖဲကြိုးဖြတ်ဖွင့်လှစ်

ကွမ်ခြောကုန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် အဖွဲ့ရန်ပုံငွေဖြင့်ဆောင်ရွက်သော မန်းကလိပ်-ထီဖာ ကျေးလက်ဝင်လမ်းသစ်ဖွင့်ပွဲကို မတ် ၂၆ ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးမျိုးနိုင်၊ အမှုဆောင်အရာရှိ ဦးသန့်ဇင်ဦးနှင့် ရပ်မိရပ်ဖတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်စဉ်။

(မြို့နယ်စည်ပင်)

အမှဲပိုင်ဈေးများအတွင်း မီးဘေးလုံခြုံရေး ဟောပြော

သထုံ ဧပြီ ၂၀

သထုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က အဖွဲ့ပိုင်ဈေးများဖြစ်သော မြို့မလေး၊ သုဝဏ္ဏဈေးတို့၌ မတ် ၁၃ ရက်က (DCP) မီးသတ်ဘူးဖြင့် ဦးမီးသတ်ဆောင်ရွက်မှုလုပ်ငန်းအား လည်းကောင်း၊ အေးပြိုင်ဈေး၌ မတ် ၁၃ ရက်က မီးသတ်ကားဖြင့် မီးဦးမီးသတ်ခြင်း ဇာတ်တိုက်လေ့ကျင့်ခြင်းလုပ်ငန်းအား လည်းကောင်း၊ ကျိုက်ကော်ဈေး၌ မတ် ၁၉ ရက်က မီးသတ်ဇာတ်တိုက် လေ့ကျင့်ခြင်း အသိပညာပေးဟောပြောပွဲများကို မီးသတ်ဦးစီးမှူး၊ ဒုတိယဦးစီးမှူး (ဈေး) ဒေါ်ယုယုဇော်နှင့် ဈေးမိစေးဖမှား၊ ဝန်ထမ်းများ၊ ဈေးသူ၊ ဈေးသားများဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

(အပေါ်ပုံ) (မြို့နယ်စည်ပင်)

လူကုန်ကူးမှု တားဆီးကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေ

မြစ်ကြီးနား ဧပြီ ၂၀

ဧပြီ ၁ရက်က ယာဉ်မောင်းများ၊ ယာဉ်နောက်လိုက်များ၊ မော်တော်ယာဉ်အသင်းဝိတ်မှူးများ၊ မော်တော်ယာဉ် လိုင်းပေါင်းစုံ စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ ဝင်များ၊ ခရီးသည်များအား လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့(ဇဟို)မှ ထုတ်ပြန်သော လူကုန်ကူးမှုအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းအခမ်းအနားကို မြစ်ကြီးနားမြို့ အရေးပေးယာဉ်ရပ်နား ဝန်းရှိ ငြိမ်းချမ်းမြေမော်တော်ယာဉ် အသင်းခန်းမ၌ ကျင်းပရာ ခရိုင်လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥက္ကဋ္ဌ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမင်းလွင်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ရဲတပ်ဖွဲ့မှူးက လူကုန်ကူးမှု တားဆီးကာကွယ်ရေးအတွက် မော်တော်ယာဉ်မောင်းများ၊ ယာဉ်နောက်လိုက်များနှင့် မော်တော်ယာဉ်အသင်းများတွင် မည်သို့တာဝန်ရှိသည်ကို ရှင်းလင်းပြောကြားပြီး လက်ကမ်းစာစောင်များဖြန့်ဝေခဲ့သည်။

(ခရိုင်ပြန်/ဆက်)

ခြေကားမှို
The Mirror
အမြို့မြို့ အနယ်နယ် သတင်းများ

- ❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
- ❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

- ❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
- ❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
- ❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

- ☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

- ☆ VOA, BBC - ရန်တိုက်ပေးနေသည်။
- ☆ RFA, DVB - သွေးထိုးနေသည်။
- ☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

အချိန်လည်းတို၊ အကျိုးလည်းများ
အညာဒေသက ရက် ၆၀၊ ရက် ၉၀ စပါး

သတင်းဆောင်းပါးနှင့် ဓာတ်ပုံ-ဖေထွက်းဇော်(ရေစကြို) အဆင်အပြင် - နိုင်လင်းကြည်

စိုက်ပျိုးရေးသည် ကျေးလက်ဒေသနေပြည်သူများ၏ အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းဖြစ်သည်။ ထို့အပြင် နိုင်ငံ့စားနပ်ရိက္ခာလိုအပ်ချက်ကို ဖြည့်ဆည်းပေးနေသော လုပ်ငန်းကြီးလည်းဖြစ်သည်။

မြန်မာနိုင်ငံ၏ အဓိကကျသော စိုက်ပျိုးရေးကဏ္ဍ တိုးတက်မြင့်မားလာစေရေးအတွက် တပ်မတော်အစိုးရလက်ထက်တွင် စိုက်ပျိုးနိုင်သောမြေများ ဖော်ထုတ်ခြင်း၊ စိုက်ပျိုးရေများ ရှာဖွေပေးခြင်း၊ စိုက်ပျိုးရေးသုတေသနပြု နည်းပညာများကို အသုံးပြု၍ အထွက်ကောင်း နည်းပညာနှင့် မျိုးများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးနိုင်ခဲ့သည့်အတွက် အဓိကစပါး သီးနှံသည် ဖူလုံပိုလျှံလျက်ရှိနေပြီ ဖြစ်ပါသည်။

ထိုသို့ စပါးသီးနှံပိုလျှံအောင်ဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း၍ ကျွန်တော်တို့ ကြေးမုံသတင်းအဖွဲ့သည် ရေစကြိုမြို့နယ်တွင် ရက် ၆၀ စပါးမျိုးနှင့် ရက် ၉၀ စပါးမျိုး ပျိုးထောင်ပုံ၊ စိုက်ပျိုးပုံ၊ ပြုစုပုံအကြောင်း တစေ့တစောင်း အသေးစိတ်ကို ရေးသားတင်ပြရန် အတွက် ရေစကြိုမြို့ အမှတ်(၈)ရပ်ကွက် အထက(၁) အရှေ့ဘက်ရှိ မြန်မာ့စိုက်ပျိုးရေး လုပ်ငန်းရုံးရှိရာသို့ သွားရောက်၍ မြို့နယ်မန်နေဂျာ ဦးသန်းစိန်နှင့်တွေ့ဆုံပြီး သိလိုသမျှများကို မေးမြန်းခဲ့သည်။ ဦးသန်းစိန်က "(DAPOG = Mordified Mat Nursery) ပျိုးထောင်စိုက်ပျိုးနည်းကတော့ တောင်သူဦးကြီးများအတွက် အချိန်လည်းတို၊ အကျိုးလည်းများတဲ့ ပျိုးထောင်စိုက်ပျိုးနည်းဖြစ်ပါတယ်။ DAPOG နည်းနဲ့ ပျိုးထောင်ပုံ စနစ်ကို ပထမရှင်းပြရရင် မိမိရဲ့အိမ်ခြံဝင်းအတွင်းမှာ အလျား ပေ ၈၀၊ အနံ သုံးပေ မြေကွက်ငယ်တစ်ခုကို တိုင်းတာပြီး အောက်ခံမြေသားကို ညီညာအောင်ညှိရပါမယ်။ အဲဒီနောက်မှာတော့ အပေါက်ငယ်လေးတွေ ဖောက်ထားတဲ့ ပလတ်စတစ်စကို စောစောက ပြင်ဆင်ထားတဲ့ ပေ ၈၀ × ၃ ပေ အတွင်းမှာ ခင်းရပါမယ်။ ခင်းပြီးတာနဲ့ နုန်းမြေသုံးဆ၊ နွားချေးတစ်ဆ၊ စက်ဖွဲပြာတစ်ဆကို သမအောင်ရောမွှေပြီး ၅

စာမျက်နှာ ၈ ကော်လံ ၁ သို့❖

ရွှေချောင်းလျှပ်စစ်ရေတင် ရေသောက်ဧရိယာမှ ၄၅ ရက်သား(ရက် ၉၀ စပါးမျိုး)အောင်မြင်ဖြစ်ထွန်းနေမှုကို တွေ့ရစဉ်။

ထူးခြားသည့် နေ့အပူချိန်များ

၂၁-၄-၂၀၁၀

မင်းဘူး
၄၂ဒသမ၅ဒီဂရီစင်တီဂရိတ်

မန္တလေး
၄၂ဒီဂရီစင်တီဂရိတ်

ညအိပ်ရာဝင်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ ဘုရားမီး၊ အမွှေးတိုင်မီးများနှင့် မီးဖိုမီးကြွင်းမီးကျန်များ ငြိမ်းသတ်ပြီးမှ အိပ်ရာဝင်ရန်။
(ခ) မီးသုံးစွဲရင်း အိပ်စက်ခြင်း လုံးဝမပြုလုပ်ပါနှင့်။
(ဂ) မိမိအိမ်နှင့် အိပ်ခန်းများတွင် လေဝင်/လေထွက်ကောင်းမွန်စေရေး စီမံထားရှိရန်။